# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လှိုင်းဘွဲမြို့နယ်၌ မိုးစပါး ၁၂၀၈၈၉ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိ

**လှိုင်းဘွဲ ဇူလိုင် ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း ၂၀၂၅ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၂၀၈၈၉ ဧကကို စိုက်ပျိုးရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားချက်ထားရှိပြီး လျာထားချက်ပြည့်မီစွာ စိုက်ပျိုးသွားနိုင်စေရေးအတွက် တောင်သူများအား ပညာပေးစည်းရုံးခြင်း၊ မိုးစပါးအထွက်တိုးနိုင်စေမည့် စိုက်ပျိုးရေးနည်းစနစ်များကို လက်တွေ့ပါဝင်ကူညီ စိုက်ပျိုးပြသပေးခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းဝတ်ရည်စမ်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက်ပျိုးရန် လျာထားချက်ထားရှိသည့်ဧကများမှ အောင်နိုင်တိုးမျိုးသန့် စံပြစိုက်ကွက် တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၊ တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဧက ၂၀၀ ကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးစေ့ထုတ်ဧက ၄၂၅ ဧက၊ မိုးစပါးအထွက်နှုန်းတိုးတက်စေရေး စံပြစိုက်ကွက် ဧက ၁၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကာ တောင်ကုန်းတောင်တန်းများ၌ နေထိုင်ကြသည့် တောင်သူများကလည်း တောင်ယာစပါး ၂၇၇၈ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆





**ယနေ့ ဖတ် စ ရာ**

**တစ်မျိုးသားလုံးနှင့်ဆိုင်သည့် နိုင်ငံရေး** — ဆောင်းပါး — စာ ၆





**အစ္စရေးက အာကာသအတွင်းသို့ ဆက်သွယ်ရေးဂြိုဟ်တု အောင်မြင်စွာ လွှတ်တင်** — နိုင်ငံတကာသတင်း — စာ ၁၄


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃ – ၇ – ၂၀၂၅

| | | | | |
|---|---|---|---|---|
| သရက်မြို့ | ၅ | ဒသမ | ၄၇ | လက်မ |
| ဟိုင်းကြီးကျွန်းမြို့ | ၄ | ဒသမ | ၀၉ | လက်မ |
| မြောင်းမြမြို့ | ၃ | ဒသမ | ၃၁ | လက်မ |
| မြင်းမူမြို့ | ၃ | ဒသမ | ၂၃ | လက်မ |
| အောင်လံမြို့ | ၃ | ဒသမ | ၁၉ | လက်မ |
| ကျိုက္ခမီမြို့ | ၃ | ဒသမ | ၀၈ | လက်မ |
| ကန်ကြီးထောင့်မြို့ | ၂ | ဒသမ | ၉၆ | လက်မ |
| ဟားခါးမြို့ | ၂ | ဒသမ | ၇၂ | လက်မ |
| မန္တလေးမြို့ | ၂ | ဒသမ | ၆၈ | လက်မ |
| ပုသိမ်မြို့ | ၂ | ဒသမ | ၃၂ | လက်မ |

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ် တက်ရောက်




**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ထျန်းကျင်းမြို့၌ ကျင်းပသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization) ၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ် တက်ရောက်ရန် တရုတ်နိုင်ငံသို့ ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ သွားရောက်ခဲ့သည်။

အဆိုပါ ဖိုရမ်ကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်အတွင်းဝန်ကြီးအဆင့် တံခါးပိတ်အစည်းအဝေး၊ open forum နှင့် ခေါင်းစဉ်အလိုက် သီးခြားဆွေးနွေးမှုများအပြင် ထျန်းကျင်းတက္ကသိုလ်များမှ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချဆွေးနွေးမှုများပါ ပါဝင်သည်။

ဇူလိုင် ၁၀ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ထျန်းကျင်းဧည့်ဂေဟာ၌ ပြုလုပ်သည့် နိုင်ငံတကာမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration ၏ ဝန်ကြီးဖြစ်သူ H.E. Liu Liehong က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ညစာစားပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် SCO အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာဘက်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ ကိုယ်စားကျေးဇူးတင်စကား ပြောကြားခဲ့ရာတွင် ဒစ်ဂျစ်တယ်စီးပွားရေး အကောင်အထည်ဖော်ခြင်းနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း ဆောင်ရွက်ရာတွင် ကောင်းသည်များရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိပါကြောင်း၊ စိန်ခေါ်မှုများကို နိုင်ငံတကာ ပူးပေါင်းဖြေရှင်းမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပါဝင်သော ကိုယ်စားလှယ်ဝန်ကြီးများသည် ထျန်းကျင်းမြူနီစီပယ်အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ထျန်းကျင်းမြို့တော်ဝန်တို့နှင့် ညစာစားပွဲမတိုင်မီ သီးသန့်ဧည့်ခန်းမဆောင်၌ ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဖိုရမ်ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် Renaissance Tianjin Lakeview ဟိုတယ်၌ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ် H.E. Ding Xuexiang ၊ National Data Administration ၏ ဝန်ကြီး၊ ထျန်းကျင်းမြူနီစီပယ်အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ထျန်းကျင်းမြို့တော်ဝန်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ထို့အတူ ဖိုရမ်ဖွင့်ပွဲ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ ဒစ်ဂျစ်တယ်စီးပွားရေးသည် လူ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် နေထိုင်မှုပုံစံများကို များစွာပြောင်းလဲပေးနေသည့် စွမ်းအားတစ်ခု ဖြစ်လာကြောင်း၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အသက်သွေးကြောဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးသည် မြန်မာနိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြံ့ခိုင်မှုရှိစေနိုင်သည့် ဗျူဟာမြောက် အင်အားအဖြစ် ရှုမြင်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူ/ပြည်သားများအတွက် အကျိုးရှိစေမည့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ဒစ်ဂျစ်တယ်စီးပွားရေးကို တည်ဆောက်မြှင့်တင်သွားရန် ဆုံးဖြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများသည် နိုင်ငံနယ်နိမိတ်များကို လိုက်နာခြင်းမရှိသည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၏ စိန်ခေါ်မှုများကို ဖြေရှင်းသည့်အခါ နိုင်ငံတကာပူးပေါင်းမှု လိုအပ်ပါကြောင်း၊ SCO အဖွဲ့ဝင်နိုင်ငံများအတွင်း အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ်များကို မျှဝေပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတွင်သာမက ကမ္ဘာတစ်ဝန်း ဒီဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်အားလုံးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ကြံ့ခိုင်မှုပြည့်ဝသော ဒစ်ဂျစ်တယ်အနာဂတ်ကို တည်ဆောက်ရာတွင် လက်တွဲပူးပေါင်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ၎င်းတို့၏ နိုင်ငံအသီးသီးတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေသည့် အခြေအနေကို ဆွေးနွေးတင်ပြကြသည်။

**ပါဝင်တက်ရောက်**

ယခုနှစ် ဖိုရမ်သို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း ၆၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration နှင့် ထျန်းကျင်း ပြည်နယ်အစိုးရတို့၏ အစီအစဉ်ဖြင့် ဇူလိုင် ၉ ရက်တွင် ထျန်းကျင်းဆိပ်ကမ်းရှိ Smart Zero-Carbon container terminal နှင့် Binhai မြို့သစ်စီမံကိန်း ပြတိုက်များသို့လည်းကောင်း၊ ဇူလိုင် ၁၀ ရက်တွင် ထျန်းကျင်းမြို့ပြစီမံကိန်း ပြခန်းသို့လည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် G7 Connect ကုမ္ပဏီသို့လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် Fit Testing Technology သို့လည်းကောင်း သွားရောက်၍ artificial intelligence, big data နှင့် IoT နည်းပညာအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာများကို နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိစွာ အသုံးပြုနေမှုကို သွားရောက်လေ့လာခဲ့ကြသည်။

**ပြန်လည်ရောက်ရှိ**

ဖိုရမ်အပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထျန်းကျင်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

**ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်၊ ဗဟိုဘဏ်ဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဆင့်မြင့်စီမံခန့်ခွဲသူများ တက်ရောက်ကြသည်။**

**ပြန်လည်သုံးသပ်**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဘဏ်များအားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့်ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ညွှန်ကြားချက်များ၊ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ တိကျစွာလိုက်နာသွားရန်လိုအပ်ကြောင်း၊ ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဆင့်မြင့် စီမံခန့်ခွဲသူများအနေဖြင့် ချေးငွေဆုံးရှုံးနိုင်ခြေ(Credit Risk) နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (Operational Risk) များကို ကောင်းစွာသိရှိပြီး တာဝန်ရှိမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်ကြောင်း၊ ထိရောက်စွာ စီမံခန့်ခွဲရန်လိုအပ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် Basel ကော်မတီမှ ထပ်မံဖြည့်စွက်ချက်များကို ပြင်ဆင်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့် ဆွေးနွေးချက်ရလဒ်များအပေါ်မူတည်၍ မိမိဘဏ်နှင့် ကိုက်ညီသည့် ဆုံးရှုံးနိုင်ခြေမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားသည်။





**ရှင်းလင်းတင်ပြ**

ယင်းနောက် ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ညွှန်ကြားရေးမှူးများက ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင်များ၊ ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ညွှန်ကြားချက်ပါ Credit Risk နှင့် Operational Risk Managementဆိုင်ရာ စံသတ်မှတ်ချက်များ၊ ၂၀၂၅ ခုနှစ်တွင် Basel ကော်မတီမှ Credit Risk Management နှင့် ပတ်သက်၍ ပြင်ဆင်ပြောင်းလဲ ထုတ်ပြန်ရသည့် အကြောင်းရင်းများနှင့် ပြင်ဆင်ဖြည့်စွက်ထားသည့်အချက်များ၊ ဗဟိုဘဏ်မှထုတ်ပြန်ထားသည့် Risk Management Guideline တွင် Credit Risk အား Basel ကော်မတီသတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားမည့်အချက်များ၊ ဗဟိုဘဏ်မှ Onsite ကြီးကြပ်စစ်ဆေးရာတွင် တွေ့ရှိချက်များ၊ Risk Manag-ement လုပ်ငန်းစဉ်များနှင့် Offsite ကြီးကြပ်စစ်ဆေးရာတွင် တွေ့ရှိချက်များ၊ ဘဏ်များက ဖြည့်စွက်ပြင်ဆင် ပြောင်းလဲရန်လိုအပ်သည့်အချက်များ၊ Fraud Risk, AML, Compliance နှင့် စပ်လျဉ်း၍ Case Study များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

**အသေးစိတ်ပြန်လည်ဖြေကြား**

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည့်အချက်များ မေးမြန်းကြပြီး တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ကရင်ပြည်နယ်အစိုးရအဖွဲ့ကလည်း တောင်သူများအနေဖြင့် မိုးစပါး မစိုက်ပျိုးမီ မြေဆီလွှာအာဟာရ ထက်သန်စေရန် လယ်မြေကေ၆၀၀အတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့တင်း ၁၅၀ ကို အခမဲ့ ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက မိုးစပါးတစ်ဧကေ အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီ ကျော်လွန်စေရေး အတွက် မြေဆီလွှာပြုပြင်ခြင်းလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ဒေသရေမြေနှင့်ကိုက်ညီသော အထွက်ကောင်းမျိုး စပါးများ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရာသီအတွင်း ကျရောက်တတ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို အသိပညာပေးဆွေးနွေးခြင်း၊ စူပါဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်နည်း အဆင့်ဆင့် လက်တွေ့ပြုလုပ်ပြသခြင်း လုပ်ငန်းများကို ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဝတ်ရည်စမ်းထံမှ သိရသည်။

**စောဒိ(ပြန်/ဆက်)**

# မြန်မာနိုင်ငံအိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ICT Industry နှင့် ICT လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ICT Skill Standard နှင့်ကိုက်ညီသည့် ITPEC Exam ကို တစ်နှစ် နှစ်ကြိမ် ကျင်းပလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၂၇ရက်က ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ်ချီးမြှင့် ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park, Conference Hall၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ စာမေးပွဲဖြေဆိုအောင်မြင်ကြသူ ၃၀၀ ကျော်တို့က သင်တန်းအောင်မြင်ပြီးမြောက်ကြောင်း Certificate များကို တက်ရောက်ရယူကြသည်။

ITPEC – FE Exam တွင် ခုနစ်နိုင်ငံ၌ မြန်မာနိုင်ငံမှ အမှတ်အများဆုံးပထမရရှိသူ တစ်ဦး၊ တတိယရရှိသူ တစ်ဦး၊ IP Exam တွင် ခုနစ်နိုင်ငံ၌ မြန်မာနိုင်ငံမှ အမှတ်အများဆုံးတတိယပူးတွဲရရှိသူ သုံးဦးတို့ကို မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအေးအေးသင်းက ဆုများပေးအပ်သည်။

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်သည် နှစ်နိုင်ငံအသိအမှတ်ပြု အိုင်တီ အင်ဂျင်နီယာများ ထွက်ပေါ်လာရန် အိုင်တီအင်ဂျင်နီယာစာမေးပွဲကျင်းပနိုင်ရေးအတွက် ၂၀၀၂ခုနှစ်တွင် Japan IT Engineer Examination Center (JITEC) နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပသည့် MCPA Exam အောင်မြင်သူများကို အသိအမှတ်ပြုရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။




၂၀၀၅ ခုနှစ်တွင် IT Professional Examination Council (ITPEC) စတင်ဖွဲ့စည်းရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ပါဝင်ခဲ့ပြီး ITPEC စာမေးပွဲများကို IT Skill Standard Level အလိုက် Category သုံးမျိုးဖြင့် တစ်နှစ် နှစ်ကြိမ် တစ်နေ့တည်း တစ်ချိန်တည်း ခုနစ်နိုင်ငံ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ ဝင်ရောက်ဖြေဆိုအောင်မြင်သူ ၆၇၀၀ ခန့်ရှိပြီဖြစ်သည်။ ITPEC Exam အောင်လက်မှတ်ချီးမြှင့် ပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးထွန်း၊ အတွင်းရေးမှူး ဒေါက်တာမျိုးမျိုးနိုင်တို့က အမှာစကားနှင့် ကျေးဇူးတင်စကားများ ပြောကြားပြီး ပံ့ပိုးကူညီကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**မျိုးမင်းသူရ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် ကာယဗလနှင့်ကာယကြံ့ခိုင်မှု မောင်/မယ် လူရွေးချယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




ရန်ကုန် ဇူလိုင် ၁၃

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် ကာယဗလနှင့် ကာယကြံ့ခိုင်မှု မောင်/မယ် လူရွေးချယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း/ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်းနှင့် အားကစားသမား မောင်/မယ်များအနေဖြင့် တစ်ချိန်တွင် နိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး ပြိုင်ပွဲများကို ဖွင့်လှစ်ပေးသည်။

ထို့နောက် (၂၁)နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲ၊ ၅၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၆၀ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၆၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၀ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၅ ကီလိုတန်းအထက် ကာယဗလမောင်ပြိုင်ပွဲ၊ အမျိုးသား Athletic Physique up to 170 cm၊ အမျိုးသား Althletic Physique Over 170 cm၊ အမျိုးသား Sport Athletic Physique up to 170 cm၊ အမျိုးသား Sport Althletic Physique Over 170 cm၊ အမျိုးသား Fitness Physique Open၊ အမျိုးသမီး Model Physique up to 160 cm၊ အမျိုးသမီး Model Physique Over 160 cm၊ အမျိုးသမီး Althletic Physique Open နှင့် အမျိုးသမီးFitness Physique Open အတန်း ၁၆ တန်းဖြင့် ပြိုင်ပွဲများကိုကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမား မောင်/မယ်များက သတ်မှတ်ကိုယ်ဟန် ခုနစ်မျိုးဖြင့် ခန္ဓာကိုယ်အချိုးအစား ကျစ်လျစ်မှုကို လှစ်ထုတ်ပြသယှဉ်ပြိုင်ကြသည်။

ယင်းနောက် ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသည့် အားကစားသမား မောင်/မယ်များအား တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ Over All ဆုရရှိသည့် ခါးနံပါတ် (၃၆) မောင်ဝေယံထက်လှိုင်အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း **(အပေါ်ဝဲပုံ)** ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့၌ ပြုလုပ်သော အစားအစာနှင့် ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းပါဝင်ပြသ

## ရုရှား – မြန်မာ ဟိုတယ်၊ ခရီးသွားနှင့် အစားအသောက်လုပ်ငန်းဆောင်ရွက်သူများအချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ခဲ့

နေပြည်တော် ဇူလိုင် ၁၃

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ အစားအစာနှင့် ခရီးသွားပြပွဲကို “In Siberia–THERE is!” ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများက မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းကို ပါဝင်ပြသခဲ့သည်။**



အဆိုပါပြပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသရှိ စက်မှု၊ ကုန်သွယ်ရေးနှင့် စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့်ဆိုက်ဗေးရီးယားရှိစားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များ ဖက်ဒရေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပြပွဲကာလအတွင်း ကုန်စည်ပြပွဲများ၊ ခရီးသွားမြှင့်တင်ရေး အစီအစဉ်များ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အစားအစာ အချက်အပြုတ်ပြိုင်ပွဲများ၊ ဝိုင်နှင့် ချိစ်ပြိုင်ပွဲများပါဝင်၍ ယဉ်ကျေးမှု အကများ၊ တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ပြပွဲသို့ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ချိစ်နှင့်ဝိုင်အပါအဝင် အစားအစာထုတ်လုပ်ရောင်းချသူများ၊ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများ၊ ဂီတနှင့် အနုပညာရှင်များ၊ ဧည့်လမ်းညွှန်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် မီဒီယာများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၁၁ ရက်တွင် ကျင်းပပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ စက်မှု၊ ကုန်သွယ်ရေးနှင့် စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တက်ရောက်အမှာစကား ပြောကြားကာ ပြပွဲကိုဖွင့်လှစ်ပေးခဲ့ပြီး နိုဗိုစီဗစ်ဒေသရှိ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနောင်နောင်ဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ထို့ပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် သင်တန်းသားများနှင့် မြန်မာမိသားစုများက အစားအစာပြင်ဆင် ချက်ပြုတ်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေခြင်းတို့တွင် ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးကြသည်။

မြန်မာ ခရီးသွားပြခန်းတွင် မြန်မာ့ရိုးရာ အစားအစာများဖြစ်သော မုန့်ဟင်းခါး၊ လက်ဖက်၊ မြန်မာဝိုင်အစရှိသည်တို့ကို နမူနာပြင်ဆင်ချက်ပြုတ်ပြသကာ ပြခန်းသို့ လာရောက်သူများကို ဧည့်ခံကျွေးမွေးခြင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများအကြောင်း ရှင်းလင်းမိတ်ဆက်ပြောကြားခြင်းနှင့် ရုရှား–မြန်မာနှစ်နိုင်ငံမှ ဟိုတယ်၊ ခရီးသွားနှင့် အစားအသောက်လုပ်ငန်း ဆောင်ရွက်သူများ အချင်းချင်း အပြန်အလှန်ပူးပေါင်း ဆောင်ရွက်နိုင်ရန် ချိတ်ဆက်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် မြန်မာ့ရှေးခေတ် စစ်သူကြီးဝတ်စုံများ၊ မှူးမတ်ဝတ်စုံများ၊ သူငယ်တော်ဝတ်စုံများဖြင့် တွဲဖက်ကာ ဓာတ်ပုံရိုက်ခြင်း၊ မြန်မာ့ရုပ်သေးအက၊ မြန်မာ့ရိုးရာစောင်း၊ ဦးရွှေရိုးဒေါ်မိုးအကတို့ဖြင့် ဖျော်ဖြေခြင်းတို့ကို ဆောင်ရွက်ရာ ပြခန်းသို့ လာရောက်သူများ အထူးစိတ်ဝင်စားကြကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာများနှင့် မြန်မာနိုင်ငံ၏ အထင်ကရ ခရီးစဉ်ဒေသများ အကြောင်းကို ပြပွဲသို့ လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ရာ ရုရှားခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန်အတွက် အထောက်အကူဖြစ်စေသည့် အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရောဝတီမြစ်နှင့် သံလွင်မြစ် မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်၊ ဘားအံမြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တစ်မျိုးသားလုံးနှင့်ဆိုင်သည့် နိုင်ငံရေး

**နေမင်းသျှင်**

"ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော နေထိုင်စားသောက်မှုသည် ပြောင်းလဲလျက်ရှိသည့် အားလျော်စွာ ကျွန်ုပ်တို့ နိုင်ငံရေးသည်လည်း ပြောင်းလဲလျက်ရှိ၏။ ကျွန်ုပ်တို့အားလုံး သက်သက်သာသာ၊ ချောင်ချောင်ချိချိ လူတန်းစေ့အောင် နေနိုင်ရန်အတွက် အခွင့်အရေးများ ပိုမိုရရှိနိုင်အောင် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို တောင့်တကြပေသည်။ လွတ်လပ်ရေးဆိုရာ၌ နေရေးထိုင်ရေး လွတ်လပ်မှု၊ လူတစ်ဦးတစ်ယောက်အနေနှင့် လည်းကောင်း၊ တစ်မျိုးလုံးအနေနှင့် လည်းကောင်း တိုးတက်ကြီးပွားအောင် စီမံဆောင်ရွက်နိုင်အောင် လွတ်လပ်မှု၊ ကျွန်ုပ်တို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ အဆင့်အတန်းတို့ မြင့်အောင် ဆောင်ရွက်နိုင်ရန် လွတ်လပ်မှုတို့ စသည်တို့ကို ဆိုလိုပေသည်။ ဤလွတ်လပ်မှု ရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏"

အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း အလယ်ပစ္စယံညီလာခံမိန့်ခွန်းမှ

ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့် အထက်ပါ မိန့်ခွန်းကောက်နုတ်ချက်အရ နိုင်ငံရေးဟူသည် တရားသေမဟုတ်။ လှေနံဓားထစ်မဟုတ်။ လူတိုင်း လူတန်းစေ့နေနိုင်ရေး၊ တစ်မျိုးသားလုံး တိုးတက်ကြီးပွားရေးကို ဦးတည်၍ အခြေအနေ၊ အချိန်အခါအပေါ် ပြောင်းလဲလုပ်ကိုင်ရခြင်းဖြစ်သည်ဟု နားလည်ရသည်။

**နိုင်ငံကို အတုအယောင်လွတ်လပ်ရေးပေးခဲ့**

ရန်ကုန်မြို့ ရွှေတိဂုံအလယ်ပစ္စယံတွင် ဖဆပလ အဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီး ကျင်းပချိန်သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးသည့် ၁၉၄၆ ခုနှစ် နှစ်ဦးပိုင်းကာလဖြစ်သည်။ စစ်ကြိုကာလမှစကာ နိုင်ငံရေးနိုးကြားမှုနှင့် နိုင်ငံရေးအသိတရားတို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်လာခဲ့ကြသည့် မြန်မာတို့မှာ နယ်ချဲ့ဗြိတိသျှတို့ကို နိုင်ငံရေးအန်တုနိုင်ခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ်ဖြစ်ပေါ်လာမှုအပေါ် အခွင့်ကောင်းယူ၍ နယ်ချဲ့ကို တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့ကြသည်။ စစ်အတွင်းကာလ နိုင်ငံကို အတုအယောင် လွတ်လပ်ရေးပေးခဲ့ပြီး ပြည်သူတို့ကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည့် ဖက်ဆစ်တို့ကိုလည်း တော်လှန်ချေမှုန်းနိုင်ခဲ့ကြသည်။ ဆိုရလျှင် ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာတစ်မျိုးသားလုံး နိုင်ငံရေးနှင့် စစ်ရေးအတွေ့အကြုံတို့ စုံလင်ရင့်ကျက်ခဲ့ပြီ။ တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှ

> ❝ မျက်မှောက်ကာလ နိုင်ငံရေးပကတိအခြေအနေတွင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသမျှ အမျိုးသားပြဿနာအားလုံးကို စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်သည်။ တစ်မျိုးသားလုံး၏အရေးတွင် မိမိတို့ တစ်ဦးချင်းအရေး၊ မိမိအဖွဲ့အစည်းအရေး၊ မိမိပါတီအရေးကို ရှေ့တန်း မတင်ဘဲ အမျိုးသားအရေးကို ဦးစားပေးဖြေရှင်းကြရမည်ဖြစ်သည်။ အတူတကွနေထိုင်ကြရမည့် မြေပေါ်တွင် အေးအတူ ပူအမျှ နေထိုင်ကြရမည့်အစား ရန်စစ်ခင်းနေကြခြင်းက ပျက်စီးခြင်းမလှ ပျက်စီးကြရမည့် အပေါ် ဉာဏ်ပညာဖြင့် ဆင်ခြင်ကြရန်လည်းလို ❞

ရုန်းထွက်ကာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံနှင့် လွတ်လပ်သည့် နိုင်ငံသားဘဝကို မျှော်မှန်းနေကြပြီဖြစ်သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက် ဆောင်းရက်တို့ မကုန်သေးဘဲ အေးမြနေဆဲဖြစ်သည့် ထိုနေ့သည် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ ပထမဆုံးနိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီး စည်းဝေးကျင်းပသည့် စတုတ္ထမြောက်နေ့ဖြစ်သည်။ ကြည်လင်သန့်စင်သည့် ကောင်းကင်ပြာနောက်ခံတွင် တင့်တယ်စွာ စံပယ်နေတော်မူသော ရွှေတိဂုံစေတီတော်ကြီးကို နောက်ခံထားလျက် အလယ်ပစ္စယံညီလာခံ ကျင်းပရာ မဏ္ဍပ်ကြီးနှင့် သစ်ရိပ်ဝါးရိပ်များဆီသို့ နိုင်ငံရေးအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပြည်သူများ တဖွဲဖွဲ ချီတက်ဝင်ရောက်လာနေကြသည်။

**ဖဆပလအဖွဲ့ချုပ်၏ ဦးဆောင်မှုနောက်တွင် ပြည်သူလူထုတစ်ရပ်လုံးက ထက်ကြပ်မကွာ လိုက်ပါလာ**

၁၉၄၄ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့သည့် "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး" (ဖတပလ) အဖွဲ့ချုပ်ကြီးသည် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်ဂျပန်တပ်များ လက်နက်ချပြီးသည့်အခါ "ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်" (ဖဆပလ) ဟူ၍ ဖြစ်လာသည်။ ဖက်ဆစ်ဝါဒကို ဆန့်ကျင်ရန်နှင့် တစ်မျိုးသားလုံး လွတ်လပ်ရန်အတွက် နိုင်ငံရေးအရ ဆက်လက်တိုက်ပွဲဝင်ရေးသည် အဓိက ဦးတည်ချက် ဖြစ်လာသည်။ ဖဆပလ အဖွဲ့ချုပ်၏ ဦးဆောင်မှုနောက်တွင် နိုင်ငံရေးနိုးကြားတက်ကြွလျက်ရှိသည့် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ထက်ကြပ်မကွာ လိုက်ပါလာကြခြင်းမှာလည်း အဆိုပါ ဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အင်အားများ ရှိနေပြီဖြစ်ကြောင်းကို ပြသနေခြင်းဖြစ်သည်။

သိင်္ဂုတ္တရ ကုန်းတော်၏ အလယ်ပစ္စယံတည်ရှိရာ နေရာတစ်ခွင်လုံး၊ ညီလာခံမဏ္ဍပ်နှင့် ကုန်းမြင့်ကုန်းနိမ့်များ၊ ချိုင့်ဝှမ်းများ၊ သစ်ပင်များအားလုံး နေရာလပ်မရှိအောင် ဖုံးလွှမ်းရောက်ရှိနေသည့် ပြည်သူလူထုကြီးကို တွေ့မြင်ရသည့် မြင်ကွင်းတွင် စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းတကျရှိမှုတို့ကိုလည်း တွေ့ရှိနိုင်သည်။ အလယ်ပစ္စယံ ညီလာခံကျင်းပရာ နေရာနှင့် မလှမ်းမကမ်းတွင်ရှိသည့် ကွင်းပြင်ကြီးတွင် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် တပ်ထွက်သည့် အခမ်းအနားမိန့်ခွန်း ပြောကြားခဲ့စဉ်က သမိုင်းဝင်တိုတောင်းလှသည့် မိန့်ခွန်းကို ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် အလယ်ပစ္စယံညီလာခံ မြန်မာနိုင်ငံလုံးဆိုင်ရာ လူထုအစည်းအဝေးကြီးတွင်မူ သုံးနာရီခန့်ကြာအောင် ရှည်လျားလှသည့် မိန့်ခွန်းကြီးတစ်ရပ်ကို ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်း၏ ပဏာမအစတွင် ရာဇဝင်တွင်လောက်အောင် စည်းလုံးညီညွတ်စွာ စုဝေးရောက်ရှိလာသည့် ပြည်သူလူထုကြီးကို ချီးကျူးဂုဏ်ပြုခဲ့ပြီး လွတ်လပ်ရေးပန်းတိုင်သို့ သွားရာခရီးတွင် ထက်မြက်သည့် ဦးဆောင်မှုနှင့်အတူ ဒိုးတူပေါင်ဖက်လက်တွဲပါဝင်မည့် ပြည်သူလူထုလည်း လိုအပ်ကြောင်း၊ နိုင်ငံရေးသည် လူတိုင်း၏ အရေးကိစ္စဖြစ်ပြီး လူတိုင်းနှင့် သက်ဆိုင်ကြောင်း၊ နိုင်ငံရေးနှင့် ဘာသာရေးကို စည်းသားထားအပ်ကြောင်း၊ ဖက်ဆစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည့်ဝါဒဆိုးများ ပပျောက်ပြီး ဗြဟ္မစိုရ်တရားကို အခြေပြုသော ဆိုရှယ်လစ်ဝါဒ ပြန့်ပွားစည်ကားရန် လိုအပ်ကြောင်း၊ ဒုတိယကမ္ဘာစစ်သည် အရင်းရှင်နယ်ချဲ့နှင့် ဖက်ဆစ်တို့၏ တိုက်ပွဲဖြစ်ပြီး အရင်းရှင်နယ်ချဲ့တို့သည် ဒီမိုကရက်ပြည်သူလူထု၏အားကိုယူ၍ ဖက်ဆစ်ကို အနိုင်တိုက်ခဲ့ရကြောင်း၊ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ပြီးသော်လည်း

> ❑ ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်အဖျက်သမားများကလည်း ၎င်းတို့လှုပ်ရှားရာ၊ ကြီးစိုးရာဒေသများတွင် ဆူပူသောင်းကျန်း ဖျက်ဆီးလျက်ရှိရာ မြို့များရွာများ ပျက်စီးခြင်း၊ ဒေသခံပြည်သူများ စစ်ဘေးကင်းလွတ်ရာ ဒေသများသို့ တိမ်းရှောင်ထွက်ပြေးရခြင်း၊ ပိုင်ဆိုင်သည့် အိမ်ရာပစ္စည်းဥစ္စာများနှင့် လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးရခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ဆူပူထကြွသောင်းကျန်းမှုများ၊ အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးမှုများ အားလုံးက နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခြိမ်းခြောက်လျက် အဟန့်အတားများဖြစ်ပေါ်စေသည့် အပြင် နိုင်ငံပြိုကွဲပျက်စီးရေးသို့ပါ ဦးတည်လျက်ရှိ

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်သေးကြောင်း၊ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြောင်း၊ မိမိတို့သည် စုပေါင်း၍ အာရှခေတ်သစ်ကို ထူထောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုက နိုင်ငံတစ်ခုအပေါ်တွင် "လိုက်နာရမည်" ဟူသော စနစ်နှင့် ခေတ်သစ်ထူထောင်ခြင်းမဟုတ်ဘဲ အာရှတိုက်သူတိုက်သားတို့ ညီညွတ်စွာပူးပေါင်း၍ အာရှလူမျိုးများ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှုကို အစပြု၍ ကမ္ဘာ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှုကို စီမံဖန်တီးနိုင်အောင် ထူထောင်သော ခေတ်သစ်ကြီးဖြစ်ကြောင်း။

လွတ်လပ်သော နိုင်ငံများအချင်းချင်း မိမိတို့သဘောအလျောက် လွတ်လပ်စွာ ပါဝင်၍ ပြည်ထောင်စုများ ဖွဲ့စည်းသွားသင့်ကြောင်း၊ လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားရေးဟူသည့် အဓိပ္ပာယ်သည် ခေတ်အားလျော်စွာ ပြောင်းလဲလျက်ရှိကြောင်း၊ အမျိုးသားရေး စိတ်ဓာတ်အစွန်းရောက်ခြင်းက ပျက်စီးတတ်၍ ဝံသာနုစိတ် (ဝါ) မျိုးချစ်စိတ်ကို အမြင်ကျယ်ကျယ် ဆောင်ရွက်သင့်ကြောင်း၊ စစ်ကြောင့် မြန်မာနိုင်ငံ ပျက်စီးရခြင်းအတွက် ဗြိတိသျှအစိုးရတွင် တာဝန်ရှိရာ ပြန်လည်ထူထောင်ရေးလုပ်ရာတွင် မြန်မာနိုင်ငံကိုငွေချေးခြင်းအစား အလကားအနေနှင့်ပေးသင့်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် လွတ်လပ်ရေးကို အရယူမည်ဖြစ်ကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

* * *

**လွတ်လပ်ရေးမရမီမှာပင် အာဏာကို အကြောင်းပြုကာ အတွင်းရန်၊ အပြင်ရန်တို့ ထွက်ပေါ်လာ**

လူပုဂ္ဂိုလ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်၍ တပ်မတော်၊ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့ စုစည်းဖြစ်ပေါ်လာသော ဖဆပလအဖွဲ့ချုပ်ကြီးသည် ဘုံရန်သူဖြစ်သော ဖက်ဆစ်ကို တော်လှန်ရာတွင် လည်းကောင်း၊ ပြန်လည်ဝင်ရောက်လာသည့် နယ်ချဲ့တို့ထံမှ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ရယူရာတွင် လည်းကောင်း မြန်မာပြည်သူတို့ကို ဦးဆောင်မှုပေးနိုင်ခဲ့သော်လည်း လွတ်လပ်ရေးမရမီမှာပင် အာဏာကို အကြောင်းပြုကာ အတွင်းရန်၊ အပြင်ရန်တို့ ထွက်ပေါ်လာသည်။ ဖဆပလအဖွဲ့ချုပ်မှ ကွန်မြူနစ်တို့ကို ထုတ်ပယ်လိုက်ရသလို ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များမှာလည်း ခေတ်ဟောင်းနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဂဠုန်ဦးစော၏ လက်ချက်ဖြင့် လွတ်လပ်ရေးနှင့် လက်တစ်ကမ်းအလိုတွင် ကျဆုံးခဲ့ရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေး ဆယ်နှစ်ဆယ်မိုးကာလမှာမူ စည်းလုံးညီညွတ်မှုတို့ တစ်စစီပြိုကွဲသောကာလဖြစ်သည်။ ဖဆပလ အဖွဲ့ချုပ်ကြီးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ မကျဆုံးမီ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက အခြေအနေနှင့် လုံးဝမတူညီအောင် ဆန့်ကျင်ခြားနားသွားခဲ့ပြီဖြစ်သည်။ *စာမျက်နှာ ၇ သို့*

# ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် ကလပ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မြစ်ကြီးနား ဇူလိုင် ၁၃**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြည်နယ်ကိုယ်စားပြု ကစားသမားများ ရွေးချယ်လေ့ကျင့်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့သည့် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် ကလပ်ပေါင်းစုံ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက ငြိမ်းချမ်းသာယာ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဖူဆယ်ကလပ်အသင်းပေါင်း ၁၆ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် နောင်ရာ FC အသင်းနှင့် A.K.O FC အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖူဆယ်ဘောလုံးချစ်ပရိသတ်များနှင့်အတူ တစ်ခဲနက်ကြည့်ရှုအားပေးခဲ့ကြရာ A.K.O FC ကလပ်အသင်းက ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဘောလုံးပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပံ့ပိုးပေးကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအတွက် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက နေရာအလိုက် အကောင်းဆုံးကစားသမားဆုနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးက တတိယဆုရအသင်းအတွက် လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရအသင်းအတွက်လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရအသင်းအတွက်လည်းကောင်း တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုဖလားများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ညပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသော ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုရရှိခဲ့သော ပြည်နယ်ကိုယ်စားပြု ပြေးခုန်ပစ်အသင်း အုပ်ချုပ်သူ၊ နည်းပြများနှင့် ကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းအားကစားနည်းများအနက် ပြေးခုန်ပစ်အားကစားနည်းသည် အားအနည်းဆုံးဖြစ်သော်လည်း ယခုလို ဆုတံဆိပ်များကို ရရှိခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယနေ့ရရှိခဲ့သည့် ဆုတံဆိပ်များထက် ပိုမိုဆွတ်ခူးရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း ကြိုတင်ပြင်ဆင် လေ့ကျင့်ရာတွင်လည်းကောင်း၊ လိုအပ်သည့် အားကစားအထောက်အကူ ပစ္စည်းများနှင့် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ပိုမိုကြိုးစားကြရန် လိုအပ်ကြောင်း ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ပြည်နယ်လက်ရွေးစင်အသင်း နည်းပြက ပြိုင်ပွဲအတွေ့အကြုံများ၊ ဆုတံဆိပ်ရရှိခဲ့မှုအခြေအနေများနှင့် လာမည့်နှစ်များအတွက် ဆုများပိုမိုရရှိရေး လေ့ကျင့်ပြင်ဆင်ခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ရွေးစင်ပြေးခုန်ပစ်အသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၀၅၀၀၀၀ အပါအဝင် ဌာနဆိုင်ရာများက စုစုပေါင်းဂုဏ်ပြု ချီးမြှင့်ငွေကျပ်သိန်း ၆၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြရာ အသင်းအုပ်ချုပ်သူက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက လက်ရွေးစင်အသင်း အုပ်ချုပ်သူ၊ နည်းပြ၊ လက်ရွေးစင်ကစားသမားများနှင့်အတူ ရိုးရာအကအလှများ၊ Malikha Music Band ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကာ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး

**စစ်တွေ ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီ အခြေခံပညာ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယမန်နေ့ညနေပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ အားကစားအသင်းများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များနှင့် အတူ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(ဓာတ်ပုံ)**





ဦးစွာ အုပ်စု(က) ပွဲစဉ်အဖြစ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။

ပွဲကစားချိန်ပြီးဆုံးပြီးနောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက နှစ်ဖက်အားကစားသမားများနှင့် ဆေးဘက်ဆိုင်ရာတွင် ဝိုင်းဝန်းကူညီပေးကြသော ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား ချီးမြှင့်ပေးအပ်သည်။

ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ ၂၄ ရက်အထိ စစ်တွေမြို့ ဓညဝတီ အားကစားကွင်း၌ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲများမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့က အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဇူလိုင်လ၏ မိုးရေချိန်စံချိန်သစ်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်မှာ အောက်ပါအတိုင်းဖြစ်သည်။

မိုး/ဇလ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁ | အောင်လံ | ၁၃-၇-၂၀၂၅ | ၈၁ | ၃.၁၉ | ၂-၇-၁၉၉၃ | ၆၀ | ၂.၃၆ | ၄၁ |

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၃** - မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(အနောက်ဘင်္ဂလားပြည်နယ်နှင့် သြရိသပြည်နယ်)ကမ်းခြေတို့၌ ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ ည ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနား ကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

(၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံ မှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ - ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိ လည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ တောင်သူများကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းကွင်းသရုပ်ပြ



နေပြည်တော် ဇူလိုင် ၁၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ကွင်းအမှတ်(၁၆၅၉)တွင် တောင်သူများ ကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။**

အဆိုပါကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ တောင်သူများနှင့် တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုကဲ့သို့ တောင်သူများ ကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းမှာ ဇမ္ဗူသီရိမြို့နယ်ဒေသအတွက် သင့်တော်သည့်မျိုးများကို တောင်သူများအတွက် အခြေခံကာ ရွေးချယ်နိုင်စေရန် ရည်ရွယ်ကြောင်း၊ ထို့အပြင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော စိုက်နည်းစနစ်များကိုလည်း ဆက်လက်စမ်းသပ်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများနှင့်အတူ သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်အတွင်း စိုက်ပျိုးစမ်းသပ်ထားသည့် စပါးမျိုးလိုင်းများထဲမှ စိတ်ကြိုက်ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နီလာ(ပြန်/ဆက်)

## လယ်ဝေးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားမှုများအား ကွင်းဆင်းကြည့်ရှု

**လယ်ဝေး ဇူလိုင် ၁၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားမှု ဖြစ်ပွားခဲ့သည့် ကျေးရွာများအား ယနေ့ မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် သက်ဆိုင်ရာ ဌာနများနှင့်အတူ လယ်ဝေးမြို့နယ် ရှမ်းစုအုပ်စု ရှမ်းစု(အနောက်) ကျေးရွာ၌ ပလွေးချောင်းရေ တိုက်စားမှုကြောင့် နေအိမ်နှစ်လုံး ရွှေ့ပြောင်းနေမှုနှင့် ချောင်းရေတိုက်စားမှုများအား ကြည့်ရှုစစ်ဆေးကာ ချောင်းကမ်းပါး ယာယီထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် တပ်မတော်သားများ ပူးပေါင်းကူညီဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ညိုပင်ကျေးရွာအုပ်စု သုံးတန်ကူးကျေးရွာ၌ ပလွေးချောင်းရေ တိုက်စားမှုကြောင့် အိမ်ဝိုင်းခြံမြေများ ပြိုကျပျက်စီးနေမှုများနှင့် တစ်ဖက်ကမ်းရှိ ဝဲကြီးကျေးရွာသို့ သွားရောက်၍ ချောင်းရေဖြောင့်တန်းစွာ စီးဆင်းရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် သုံးတန်ကူးကျေးရွာကမ်းပါး၌ ပလွေးချောင်းရေတိုက်စားမှုကို ယာယီကာကွယ်နိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ တပ်မတော်သားများ၊ အဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပေါင်းတည်၌ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်သည့်အမှိုက်ပုံးများ ထားရှိဆောင်ရွက်



**ပေါင်းတည် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့ပြသန့်ရှင်းသာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်ရန်၊ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရန်အတွက် အရောင်ကွဲလေးမျိုး အမှိုက်ပုံးများကို ဌာနဆိုင်ရာရုံးများ၊ ဈေးများအပါအဝင် အများနှင့်သက်ဆိုင်သည့် နေရာများတွင် ထားရှိဆောင်ရွက်လျက်ရှိသည်။

အမှိုက်များ ခွဲခြားစွန့်ပစ်ရန် အမှိုက်ပုံးများကို ဝါ၊ စိမ်း၊ နီ၊ ပြာ အရောင်လေးမျိုး ခွဲခြားထားရှိကြောင်း၊ ကတ်ထူစက္ကူနှင့် စက္ကူစာရွက်များ၊ သတ္တုပစ္စည်း၊ ပိတ်စ၊ သစ်တိုသစ်စ စသည့်အမှိုက်ခြောက်များကို အဝါရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးသန့်ရှင်းရေးပစ္စည်း စသည့်အမှိုက်စိုများကို အစိမ်းရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ၊ ပိုးသတ်ဖျန်းဆေးရည်ဆေးမှုန့်ဘူးခွံနှင့် အိတ်ခွံများ၊ အိမ်သုံးဓာတုစွန့်ပစ်ပစ္စည်းများ အစရှိသည့် ဘေးအန္တရာယ်ရှိ အမှိုက်များကို အနီရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်အမှိုက်များကို အပြာရောင်အမှိုက်ပုံးတွင်လည်းကောင်း စွန့်ပစ်ကြရန် သတ်မှတ်ထားကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေကြည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရေကြည် ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ ကိုင်းချောင်-ဘန့်ဘွေးကုန်း ကျေးရွာချင်းဆက်လမ်းနှင့် တပ်မဆုတ်ကျေးရွာ အ.မ.က ကျောင်းဝင်းအတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှဦးဆောင်၍ ယနေ့နံနက်ပိုင်းက မိုးရာသီအကြိုသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သစ်ပင်စိုက်ပျိုးပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ သစ်တောသစ်ပင်များ ပိုမိုတန်ဖိုးထားချစ်မြတ်နိုးစွာ စိုက်ပျိုးထိန်းသိမ်းလာစေရန်၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းလာစေရေး အထောက်အကူဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်ပင်ထိန်းသိမ်းစိုက်ပျိုးပြုစုခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ယခုလိုစိုက်ပျိုးခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများသည် ပျဉ်းကတိုး၊ ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ရေတမာ၊ မန်ကျည်းပင် ၁၃၆၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်္ဂပူမြို့နယ် ပဆင-ဆုံကုန်း-ထန်းပင်ကန်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**အင်္ဂပူ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ယမန်နေ့က မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စု (ငွေလုံး၊ ငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဆင-ဆုံကုန်း- ထန်းပင်ကန်လမ်း၊ လမ်းအရှည် (၀/၂) မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှုကို (ဟင်္သာတခရိုင်)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဇူလိုင် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးစေရေးအတွက် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဋ္ဌေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)မှ Grade-11 နှင့် Grade -10 ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အောင်မြင်မှု၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်တစ်ယောက် လျှောက်သောလမ်း ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဆွေးနွေးပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချပေး

**ကျောက်ဆည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး ရွေ့လျားစနစ်ဖြင့် ပြည်သူ့သက်သာဈေးများဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အေးမြကြည်လင်ရပ်ကွက် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)၌ အခြေခံစားသောက်ကုန်များ ရောင်းချပေးခဲ့သည်။

ထိုသို့ အခြေခံစားသောက်ကုန်များ ရောင်းချရာ၌ ဝက်သားပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီပိဿာ ၁၁၀ နှင့် ဟင်းသီးဟင်းရွက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ပေါင် ဇူလိုင် ၁၃**

မွန်ပြည်နယ်အတွင်း စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးကို စဉ်ဆက်မပြတ် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိရာ ပြည်နယ် သမဝါယမဦးစီးဌာနမှ မြို့နယ် တာဝန်ခံဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဦးနှင့် ပေါင်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းယုတို့သည် အိပ်မက်သစ်မြစိမ်းရောင်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ဦးမြရွှေ၏ မိုးစပါးစိုက်ကွင်း၊ ပေါ်ဆန်းစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား ဦးဌေးဦး၏ မိုးစပါးစိုက်ကွင်းနှင့် ရွှေထူးလေးလယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ဦးရွှေရီ၏ မိုးစပါးစိုက်ကွင်းများကို ဇူလိုင် ၁၃ ရက်က ကွင်းဆင်းကြည့်ရှု၍ စိုက်ကွင်းများတွင် ပေါင်းမြက်များ အချိန်မီရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားရန်နှင့် မြေဩဇာ/သွင်းအားစုများ သတ်မှတ်ချိန်အမီ အချိုးကျ ထည့်သွင်းသွားနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည်။

အလားတူ ပြည်နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးစီးအရာရှိ ဒေါ်မိုးမိုးကျော်ညွန့်နှင့် သထုံမြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုးတို့သည် သရက်တောလယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကြီးစိန်၏ မိုးစပါးစိုက်ကွင်းနှင့် ဒေးဗရိန်း စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးလွှမ်းမိုး၏ မိုးစပါးစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၁၃** - နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**



## ကျောက်ဖြူမြို့၌ မိုးစပါးများ ဆက်လက်စိုက်ပျိုး

**ကျောက်ဖြူ ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့တွင် ၂၀၂၅-၂၀၂၆ မိုးစပါးများကို စိုက်ပျိုးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဂုံးချိန်ကျေးရွာအုပ်စု လယ်ဒါပြင်ကျေးရွာရှိ တောင်သူ ဦးအေးအေးထွန်း၏ လယ်မြေ၌ မိုးစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးရာတွင် မိုးစပါးများကို ပျိုးသက်မှန်ဖြင့် တစ်ကောကောက်ကွက် ပြည့်မီစေရေး တောင်သူနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများက ကြီးကြပ်၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး (ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့၌ မိုးစပါးကေ ၃၀ စုပေါင်းထွန်ယက်ပွဲကျင်းပ

**ကြို့ပင်ကောက် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အောင်ပင်သာကျေးရွာ အုပ်စုကျွဲဘိကျေးရွာမှ တောင်သူ ခုနစ်ဦး၏ လယ်ဧက ၃၀ တွင် မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက စုပေါင်းထွန်ယက်ပွဲကို ကျင်းပသည်။

တောင်သူ ကိုပေါက်ကလေး၏ လယ်ငါးဧကတွင် ယခင်က အောင်နိုင်တိုးနှေစပါး စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် တင်း ၁၁၅ ထွက်ရှိကြောင်း၊ ယခုမိုးစပါးကို အောင်နိုင်တိုးစပါးမျိုးကိုသာ ပြန်လည်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အခြားတောင်သူ ခြောက်ဦးမှာ အောင်နိုင်တိုးစပါးနှင့် ဆင်းသုခစပါးမျိုးကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စုပေါင်းထွန်ယက်ပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကိုးစီး၊ ရိတ်ခြွေစက်တစ်စီး၊ ပုဂ္ဂလိက ရိတ်ခြွေစက်တစ်စီးတို့ဖြင့် တောင်သူများက စက်သုံးဆီသာကျခံ၍ထွန်စက်များကို အခမဲ့ထွန်ယက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ မိုးစပါးကေ ၃၀ စုပေါင်းထွန်ယက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တိုက်ကြီးမွေးမြူရေးဇုန် ဧက ၂၀၀၀ အနီး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တိုက်ကြီးမွေးမြူရေးဇုန် ဧက ၂၀၀၀ အနီး ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ခရိုင်ချင်းဆက်လမ်းအမှတ် (၁) လမ်းအရှည် ၁ မိုင် ၄ ဒသမ ၅ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ တိုက်ကြီး-ကြာအင်းလမ်း အရှည် ၈၇၇၅ ပေရှိ ကွန်ကရစ်ဘီးလမ်းအလယ် ဖြည့်ခင်းခြင်းနှင့် လမ်းဘေးနှစ်ဖက်လမ်းပခုံးပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း အပြီးသတ် ကစားသမားများရွေးချယ်

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ကူရိုဆာကီသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ဇူလိုင် ၁၅ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (ဂ) တွင် ထိုင်း၊ မြန်မာ၊ တီမောအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းတွင် ဂိုးသမား-ဟိန်းထက်စိုး (ရှေ့ဝတီယူနိုက်တက်)၊ နိုင်လင်းအောင် (သစ္စာအားမာန်)၊ အောင်ပြည့်ဖြိုး (ဒဂုံစတားယူနိုက်တက်)၊ နောက်တန်း - မာတီးနို (အား/ကာသိပ္ပံ ယူ-၂၁)၊ ဝေယံလင်းသူ (ရှေ့ဝတီယူနိုက်တက်)၊ မြတ်ဖုန်းခန့် (သစ္စာအားမာန်)၊ ထူးဝေယံ၊ ခန့်ဇင်ဟိန်း (မဟာယူနိုက်တက်)၊ ဆင်မြူရယ်ငိုင်ကီး (ရတနာပုံ)၊ စခန့်ချော (ဒဂုံစတားယူနိုက်တက်)၊ ခွန်ချိုထူး (ရန်ကုန်ယူနိုက်တက် ယူ-၂၁)၊ အလယ်တန်း-ရဲရင့်ဖြိုး (ရှေ့ဝတီယူနိုက်တက်)၊ အာကာကျော်၊ သာယာဝင်းထက်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မိုးဆွေ၊ စွမ်းထက် (ဒဂုံစတားယူနိုက်တက်)၊ မင်းမော်ဦး၊ ရှိုင်းဝဏ္ဏအောင် (သစ္စာအားမာန်)၊ သန်းတိုးအောင် (ဟံသာဝတီ ယူနိုက်တက်)၊ ရှေ့တန်း-ဝင်းပြည့် မောင်(အား/ကာသိပ္ပံ)၊ စောမျိုးဇော် (သစ္စာအားမာန်)နှင့် ဖွဲ့မာန်သာ (ဟံသာဝတီယူနိုက်တက်) တို့ ပါဝင်သည်။



မြန်မာ ယူ-၂၃ အသင်း လေ့ကျင့်စဉ်။

မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ကူရိုဆာကီက ကိုင်တွယ်နေပြီး မတ်လကတည်းက လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် မတ်လနိုင်ငံတကာ ရက်သတ္တပတ်တွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ၊ ဇွန်လနိုင်ငံတကာ ရက်သတ္တပတ်တွင် တရုတ် ယူ-၂၂ အသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲကစားထားသလို စခန်းဝင်လေ့ကျင့်ကတည်းက လက်ရှိအချိန်ထိ ပြည်တွင်း ကလပ်အသင်းများ၊ မြန်မာ့ လက်ရွေးစင်အသင်းတို့နှင့် ကွင်းပိတ်ခြေစမ်းပွဲများ ဆက်တိုက်ကစားထားသည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF



YRG အသင်းနှင့် ပြည့်စုံအသင်း ယှဉ်ပြိုင်စဉ်။

# Futsal Champion Cup 2025 ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

Futsal Champion Cup 2025 ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ နောက်တစ်ဆင့်တက်ရောက်သည့် အသင်းအချို့ ထွက်ပေါ်လာပြီဖြစ်သည်။

အုပ်စု စတုတ္ထနေ့တွင် JZ Yangon အသင်းက ပြည့်ကြီးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက ULAD အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ MIU အသင်းက 7 Brother အသင်းကို ငါးဂိုး-တစ်ဂိုး၊ United City အသင်းက ဟံသာဝတီအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ YRG အသင်းက ပြည့်စုံအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး 7 Dragon အသင်းနှင့် VUC အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) ၌ JZ Yangon အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ နောက်တစ်ဆင့်တက်ရောက်ရန်သေချာခဲ့ပြီး လက်ကျန်တစ်နေရာအတွက် နှစ်မှတ်ရထားသည့် VUC အသင်း၊ တစ်မှတ်စီရထားသည့် ပြည့်ကြီးအသင်းနှင့် 7 Dragon အသင်းတို့ အခွင့်အရေးရှိနေသည်။ အုပ်စု (ဂ) ၌ United City အသင်းနှင့် YRG အသင်းတို့က နှစ်ပွဲစီအနိုင်ရရှိကာ ရမှတ်ခြောက်မှတ်စီဖြင့် ထိပ်တိုက်မတွေ့ဆုံမီ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

အုပ်စုပွဲများကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

သော်လေး ၊ ဓာတ်ပုံ-MFF

# MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံးပြီး အား/ကာသိပ္ပံအသင်း ရာသီဝက်ချန်ပီယံအဖြစ်ရပ်တည်

**ရန်ကုန် ဇူလိုင် ၁၃**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၃) နောက်ဆုံးနေ့ကို ဇူလိုင် ၁၃ ရက်က ပဒုမ္မာကွင်း၌ကျင်းပရာ ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

ရတနာပုံအသင်းသည် ယခုသရေပွဲကြောင့် အဆင့်ကျသွားခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ တတိယမြောက် သရေပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ နှစ်သင်းစလုံး ကြိုးစားကစားသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် နိုင်ပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၃) အခြားပွဲများတွင် ရှေ့ဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုးပြတ်၊ သစ္စာအားမာန်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုး၊ Falcon အသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရှမ်းယူနိုက်တက် အသင်းက Junior Lions အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဒဂုံစတားယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း သုံးဂိုးစီသရေကျခဲ့သည်။

ပထမအကျော့ အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့က ၂၇ မှတ်စီ၊ သစ္စာအားမာန်အသင်းက ၂၂ မှတ်၊ Junior Lions အသင်းက ရမှတ် ၂၀၊ ရာမညယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရှေ့ဝတီယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့က ၁၈ မှတ်စီ၊ ရတနာပုံအသင်းက ၁၆ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ မှတ်၊ ရခိုင်ယူနိုက်တက် အသင်းက ကိုးမှတ်၊ မဟာယူနိုက်တက်အသင်းက ငါးမှတ်၊ Dagon Port အသင်းက တစ်မှတ် ရရှိထားသည်။

ညီမြတ်သော်တာ ၊ ဓာတ်ပုံ-MNL



ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားစဉ်။





✲ *ကျောဖုံးမှ*

ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)၏ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အိမ်ရှင် ရှမ်းပြည်နယ်အသင်းသည် ဒုတိယပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီး အသင်းနှင့် ယှဉ်ပြိုင်ကစားကြသည်။

ထိုသို့ ယှဉ်ပြိုင်ကစားစဉ် ပွဲကစားချိန် ၂၄ မိနစ်၌ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ် (၉) ခွန်ဟိန်းသူအောင်က ပထမဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး မကွေးတိုင်းဒေသကြီးအသင်းကလည်း ပြန်လည်ချေပဂိုးရရှိရေးအတွက် အသင်းနှစ်သင်းသည် ပွဲစဉ်တစ်လျှောက် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကာ ပြိုင်ပွဲအပြီးတွင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအပါအဝင် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ် ၂၀၀၀ ခန့် တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့သည်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့သည်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့သည် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားကြမည် ဖြစ်သဖြင့် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**သောင်းသောင်းဖြိုးဖြိုးကြိုဆို**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးဝေကာ သောင်းသောင်းဖြိုးဖြိုး ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တရုတ်နိုင်ငံ ပေကျင်းမြို့၌ The Global Civilization Dialogue Ministerial Meeting နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)သည် တရုတ်နိုင်ငံလုံးဆိုင်ရာ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင် ဦးမင်းမင်းထိုက် (စာရေးဆရာ မြတ်မင်းသန့်)နှင့်အတူ ဇူလိုင် ၆ ရက်တွင် ချွမ်ကျိုးမြို့ရှိ Quanzhou Museum သို့ သွားရောက်၍ ပိုးလမ်းမရေကြောင်း သမိုင်းမှတ်တမ်းများအား လေ့လာခဲ့ပြီး Hilton Quanzhou Riverside Hotel ၌ ကျင်းပသော Huafu Connects the Would-Quanzhou Exchanges Event အခမ်းအနားသို့ တရုတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကင်ညာ၊ ဂမ်ဘီယာ၊ မွန်ဂိုလီးယား၊ နီပေါ၊ ဆွစ်ဇာလန်၊ ယူဂန္ဓာ၊ အာဂျင်တီးနား၊ ဘော့စနီးယား၊ ဘူဂေးရီးယား၊ ဟန်ဂေရီ၊ အိုင်ယာလန်၊ ပါကစ္စတန်၊ ထိုင်း၊ အီတလီ၊ မွန်တီနီဂရိုးနှင့် ဘယ်လ်ဂျီယံနိုင်ငံစသည့် နိုင်ငံ ၂၂ နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။




မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ၂၂ နိုင်ငံမှ ကိုယ်စားလှယ်များသည် ဇူလိုင် ၇ ရက်တွင် Gulanyu ကျွန်းသို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ဖလှယ်ရေးနှင့် ရှေးဟောင်း အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ထားပုံများ၊ ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့သော စန္ဒရားများ ထိန်းသိမ်းထားရှိမှု၊ ယွမ်တောင်ရေကန် (Yundang)နှင့် ယွမ်တောင်အကယ်ဒမီ (Yundang Academy) တို့သို့ သွားရောက်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ကျောင်းသား ကျောင်းသူများ၏ အနုသုခုမပန်းချီပန်းပုလက်ရာများကို လေ့လာခဲ့ကာ ရှားမန်တက္ကသိုလ် (Xiamen University) ၌ နိုင်ငံတကာပညာရေးကွန်ရက်ဖြန့်ကြက်မှု ပညာရပ်အလိုက် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ သင်ကြားမှုနှင့် ပညာတော်သင် စေလွှတ်ရောက်ရှိမှုများကို လေ့လာခဲ့သည်။

ထို့အတူ ဇူလိုင် ၈ ရက်တွင် ဖူကျိုးမြို့ Fuzhou Party Schoolရှိ 3820 Strategic Project Achi-evement Exibition Hall ၌ တရုတ်နိုင်ငံ ဖူကျိုး၏ 3820 Strategic Project အောင်မြင်မှုသမိုင်းမှတ်တမ်းများကို လေ့လာခဲ့ပြီး ဖူကျိုးမြို့ရှိ ရှေးဟောင်းကာလကတည်းက တည်ရှိခဲ့သည့် အိမ်ရာအဆောက်အအုံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သွားရောက်လေ့လာ ကြည့်ရှုကာ ဖူကျန်းပြည်နယ် အစိုးရအဖွဲ့မှ Mr. Zhang Yan (Member of the Standing Committee and Head of the Publicity Department of the CPC Fujian Provinvial Committee)နှင့် ယဉ်ကျေးမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးသည်။

အလားတူ ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ Wanshou Hotel ၌ တရုတ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေသည့် NGO လုပ်ငန်းများ၊ Tanzania, Indonesia, Bangladesh, Cambodia, Thailand နိုင်ငံတွင် Mobile Surgical Unit အဖြစ် ဆောင်ရွက်ပေးနေမှုများ၊ Sudan, Ethiopia, Nepal နှင့် Myanmar အပါအဝင် နိုင်ငံ ၈ နိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သော Smiling Children Program ကဏ္ဍများကို Projector ဖြင့် ရှင်းလင်းဆွေးနွေးရာ သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် Global Civili-zation Dialogue Ministerial Meeting အခမ်းအနားသို့ တက်ရောက်ရာ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ် ၁၀၀၀ ခန့် တက်ရောက်ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ၂၂ နိုင်ငံမှ ကိုယ်စားလှယ်များသည် ဇူလိုင် ၁၁ ရက်တွင် IDCPC အစည်းအဝေးခန်းမ၌ Inter-civilization Exchanges and Mutual Learning: Uderstanding and Friendship among People ခေါင်းစဉ်ဖြင့် ပြုလုပ်သော Para-llel Forum သို့ တက်ရောက်ဆွေးနွေးပြီး တရုတ်ခေတ်ပေါ်သမိုင်းစာပေပြတိုက် အစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ Mr. Zhang Hongsen, Hu Bangsheng (Secretariat Member of CWA), Liu Xiu Juan (Director General of the office of CWA), Zhang Hong Bin (Director General of the International Department of CWA) တို့နှင့် တွေ့ဆုံကာ နိုင်ငံအချင်းချင်း စာပေရေးရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။ ယင်းနောက် ခေတ်ပေါ်သမိုင်းစာပေပြတိုက်တွင် ခင်းကျင်းပြသထားသော တရုတ်စာပေပညာရှင်များ၏ စာပေလက်ရာများ၊ သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။

# အစ္စရေးက အာကာသအတွင်းသို့ ဆက်သွယ်ရေးဂြိုဟ်တု အောင်မြင်စွာ လွှတ်တင်

**ဂျေရုဆလင် ဇူလိုင် ၁၃**

အစ္စရေးနိုင်ငံသည် နိုင်ငံပိုင် အစ္စရေးလေကြောင်းနှင့်အာကာသ လုပ်ငန်းကုမ္ပဏီ (အိုင်အေအိုင်) မှ တီထွင်ထုတ်လုပ်ထားသော Dror-1 ဆက်သွယ်ရေးဂြိုဟ်တု တစ်စင်းကို ဇူလိုင် ၁၃ ရက်က အာကာသအတွင်းသို့ လွှတ်တင်ခဲ့ကြောင်း အိုင်အေအိုင်နှင့် အစ္စရေး အာကာသအေဂျင်စီ (အိုင်အက်စ်အေ) တို့၏ သီးခြားထုတ်ပြန်ချက်များအရ သိရသည်။



Dror-1 ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်မှုကို ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။

အဆိုပါ ဂြိုဟ်တုကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိပ်ကာနာဗရယ် အာကာသ လွှတ်တင်ရေးစခန်းမှ စပေ့အိတ်စ်ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါ ဂြိုဟ်တုကို လာမည့် ၁၅ နှစ်တာကာလအတွင်း ပုံမှန်လုပ်ငန်းဆောင်တာများနှင့် အရေးပေါ် အခြေအနေ နှစ်ရပ်စလုံးအတွက် အစ္စရေးနိုင်ငံ၏ ဆက်သွယ်ရေး လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန် ဒီဇိုင်းထုတ် ရေးဆွဲထားခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုသည် အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးကဏ္ဍအတွက်လည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အိုင်အက်စ်အေ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# တူကီယဲ ရဲတပ်ဖွဲ့က အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ကိုးဦးကို ဖမ်းဆီးထိန်းသိမ်း

**အစ္စတန်ဘူလ် ဇူလိုင် ၁၃**

တူကီယဲရဲတပ်ဖွဲ့က နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်၌ ရှာဖွေဖမ်းဆီးမှုအတွင်း အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ကိုးဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်ထားသည်။

ရဲတပ်ဖွဲ့သည် အိုင်အက်စ်လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်သော သံသယရှိသူများကို ဖမ်းဆီးရမိရေး အစ္စတန်ဘူလ်မြို့တစ်ဝန်းဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့သည်။ ခြောက်ဦးမှာ နိုင်ငံခြားသားများဖြစ်ပြီး နိုင်ငံအတွင်းမှ ပြောင်းရွှေ့ရန်အတွက် ပြည်နှင်ဒဏ်ပေးရေး စင်တာတစ်ခုသို့ လွှဲပြောင်းပေးခဲ့ကြောင်းနှင့် ကျန်သုံးဦးကို တရားရုံးတွင် ဖမ်းဆီးထားပြီး အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ကြောင်း Demiroren သတင်းဌာနက ထုတ်ပြန်ထားသည်။

တူကီယဲသည် အိုင်အက်စ်ကို ၂၀၁၃ ခုနှစ်က အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီးနောက် ယင်းအဖွဲ့၏ တိုက်ခိုက်မှုများစွာကို ရင်ဆိုင်ခဲ့ရသည်။ အဆိုပါတိုက်ခိုက်ခံရမှုများကို တုံ့ပြန်သည့်အနေဖြင့် ပြည်တွင်းနှင့် ပြည်ပနှစ်ခုစလုံးတွင် အကြမ်းဖက်မှုတန်ပြန်ရေး စစ်ဆင်ရေးအများအပြားကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ယီမင်နိုင်ငံ၌ ပိုလီယိုဖြစ်ပွားမှုတိုက်ဖျက်ရန် ကလေး ၁ ဒသမ ၃၅ သန်းကို ကာကွယ်ဆေးတိုက်ကျွေးသည့် လှုပ်ရှားမှုဆောင်ရွက်

**အေဒင် ဇူလိုင် ၁၃**

ယီမင်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားမှုကို တိုက်ဖျက်ရန် ဇူလိုင် ၁၂ ရက်က သုံးရက်ကြာ အစုလိုက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် လှုပ်ရှားမှုကို ယီမင်အစိုးရက ဆောင်ရွက်ခဲ့သည်ဟု နိုင်ငံပိုင် ဆာဘာ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ကျန်းမာရေးအဖွဲ့ပေါင်း ၇၀၀၀ ခန့်သည် ကူးစက်မှုအန္တရာယ်မြင့်မားသည့် ခရိုင်ပေါင်း ၁၂၀ ကို အဓိကထား၍ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်သည်။

အစိုးရထိန်းချုပ်ထားရာ ပြည်နယ် ၁၂ ခုရှိ ကလေးပေါင်း ၁ ဒသမ ၃၅ သန်းကို အဓိကထား၍ ကာကွယ်ဆေးတိုက်ကျွေးမှု ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၂၀ ခုနှစ်မှစတင်၍ ယီမင်နိုင်ငံ၌ ပိုလီယိုဖြစ်ပွားမှုပေါင်း ၂၈၂ ဦး တွေ့ရှိခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယူနီဆက်ဖ်တို့၏ အချက်အလက်များအရ သိရသည်။

ယီမင်နိုင်ငံသည် ကာလရှည်ပဋိပက္ခဖြစ်ပွားခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအားနည်းခြင်းနှင့် ကာကွယ်ဆေးလွှမ်းခြုံနိုင်မှု နည်းပါးခြင်းတို့ကြောင့် ပိုလီယိုဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်း မြင့်မားနေဆဲဖြစ်သည်ဟု ယီမင်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ကိုယ်စားလှယ် ဖီရီမာ ကော်ဘာဘာလီဇာဘိုက ပြောသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ တမီးလ်နန်ဒူးပြည်နယ်၌ ရေနံတင်ရထား မီးလောင်မှုဖြစ်ပွားမှုကြောင့် ရထားပြေးဆွဲမှုများ ပြတ်တောက်ခဲ့

**နယူးဒေလီ ဇူလိုင် ၁၃**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နန်ဒူးပြည်နယ်၌ ဇူလိုင် ၁၃ ရက်က ရေနံတင်ကုန် ရထား မီးလောင်မှုဖြစ်ပွားရာ လူထိခိုက်သေဆုံးမှုမရှိကြောင်း ရဲများက ပြောသည်။



သို့သော်လည်း တမီးလ်နန်ဒူးပြည်နယ် မြို့တော်ချန်နိုင်းမှ ပြေးဆွဲသည့် ရထားပြေးဆွဲမှုများ ပြတ်တောက်ခဲ့ရသည်။ ချန်နိုင်းမှ ထွက်ခွာမည့် ရထားခရီးစဉ်အချို့ကို ဖျက်သိမ်းခဲ့ရပြီး ရထားငါးစင်းကို လမ်းကြောင်းပြောင်းပေးခဲ့ရသည်ဟု တောင်ပိုင်းမီးရထား ဝန်ဆောင်မှုက ကြေညာခဲ့သည်။

ချန်နိုင်းမြို့ အနောက်ဘက် ၄၅ ကီလိုမီတာခန့်အကွာ တီရီဗော်လာ ခရိုင်ကိုဖြတ်သန်းစဉ် ၄၅ တွဲပါ ရေနံများတင်ဆောင်လာသည့် ကုန်တင်ရထား မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားတွဲလေးတွဲမှာ မီးလောင်ခဲ့ရပြီး နောက်ထပ်တွဲများကိုပါ မီးကူးစက်လောင်သွားသည်ဟု ကနဦးအစီရင်ခံစာအရ သိရသည်။ ကုန်ရထားမီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး အာဏာပိုင်များသည် အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်သမားများ အမြန်ဆုံးစေလွှတ်ခဲ့သည်။

အမျိုးသား သဘာဝဘေး တုံ့ပြန်ရေးအဖွဲ့ကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အဖွဲ့ဝင်များကို တပ်ဖြန့်ချထားခဲ့သည်။ ကြိုတင်ကာကွယ်မှုအနေဖြင့် ရထားလမ်းအနီးရှိ နေအိမ်များမှပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးချေ။ သို့သော်လည်း ရထားတွဲနှစ်တွဲ လမ်းချော်ခြင်းကြောင့် မီးစတင်လောင်ရခြင်း ဖြစ်သည်ဟု ရဲများက ယူဆထားသည်။

ဆင်ဟွာ

# ရေကြီးမှုများ ဖြစ်လာနိုင်သည့်အတွက် မြစ်ကမ်းပါးအနီး၌ နေထိုင်သူများအား လာအိုသတိပေး

**ဗီယင်ကျန်း ဇူလိုင် ၁၃**

မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရံဖန်ရံခါလေပြင်းများ တိုက်ခတ်ခြင်းနှင့် ရေမျက်နှာပြင် မြင့်တက်ခြင်းတို့ကြောင့် နေရာအနှံ့ ရေကြီးနစ်မြုပ်မှုများ ဖြစ်လာနိုင်သည့်အတွက် လာအိုမိုးလေဝသဌာနက ပြည်သူများ အထူးသဖြင့် မြစ်ကမ်းပါးအနီးတွင် နေထိုင်သူများနှင့် မြေနိမ့်ပိုင်းဒေသတွင် နေထိုင်သူများကို သတိပေးထားသည်။



လာအိုနိုင်ငံ ခမ်းမွမ်ပြည်နယ်၌ မြစ်ရေမှာ ၁၃ ဒသမ ၇၅ မီတာသို့ရောက်ရှိလာပြီး သတိပေးချက်အဆင့် ၁၄ မီတာနှင့် နီးကပ်လာကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ မိုးလေဝသနှင့် ဇလဗေဒဌာနက ဇူလိုင် ၁၂ ရက်က ထုတ်ပြန်ထားသည်။

မြစ်ရေသည် လာမည့်ရက်များအတွင်း သတိပေးချက်အဆင့်သို့ ရောက်ရှိဖွယ်ရှိသည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများ ဖြစ်လာနိုင်ကြောင်း အဆိုပါဌာနက သတိပေးထားသည်။

ဆင်ဟွာ

# ဇွန်လအတွင်း သီရိလင်္ကာနိုင်ငံ အလုပ်သမားများ၏ ပြည်ပမှ လွှဲပို့ငွေ အမေရိကန်ဒေါ်လာ ၆၃၅ သန်းကျော် ရှိ

**ကိုလံဘို ဇူလိုင် ၁၃**

ဇွန်လအတွင်း သီရိလင်္ကာအလုပ်သမားများ၏ ပြည်ပမှ လွှဲပို့ငွေမှာ အမေရိကန် ဒေါ်လာ ၆၃၅ ဒသမ ၇ သန်းရှိကြောင်း သိရသည်။ အဆိုပါပမာဏမှာ ၂၀၂၄ ခုနှစ် ဇွန်လကထက် ၂၂ ရာခိုင်နှုန်းကျော် တိုးလာကြောင်း သီရိလင်္ကာဗဟိုဘဏ်(စီဘီအက်စ်အယ်လ်)၏ အချက်အလက်များအရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း စုစုပေါင်းလွှဲပို့ငွေမှာ ဒေါ်လာ ၆ ဒသမ ၅၇ ဘီလီယံအထိ ရှိခဲ့သည်။ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း လွှဲပို့ငွေစုစုပေါင်းမှာ ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကျော်ရှိသဖြင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၈ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်း စီဘီအက်စ်အယ်လ်၏ အချက်အလက်များအရ သိရသည်။

ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသား ၁၁၂၈၃၆ ဦးမှာ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ရန်အတွက် ထွက်ခွာသွားကြောင်း သိရသည်။

ဆင်ဟွာ

# မြေအောက်ရေအလွန်အကျွံသုံးစွဲမှုကြောင့် ၂၀၃၀ ပြည့်နှစ်တွင် ရေအကျပ်အတည်းနှင့် ကြုံတွေ့ရဖွယ်ရှိသည့် အာဖဂန်

နွယ်နီလင်း

**အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန်မှုကို အဆိုးရွားဆုံးခံစားရသည့် နိုင်ငံ ၁၀ နိုင်ငံထဲတွင် ပါဝင်သည်။ ဆယ်စုနှစ် နှစ်ခုကျော်က စံချိန်တင်မိုးခေါင်မှုကြောင့် ရေအရင်းအမြစ်များ လျော့နည်းသွားခဲ့သည်။ ယခုအခါ လူပေါင်းခြောက်သန်းကျော်ရှိသည့် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့သည် လာမည့်ငါးနှစ်အတွင်း ရေပြတ်လပ်ဖွယ်ရှိသည့် ပထမဆုံးမြို့ ဖြစ်လာနိုင်သည်ဟု ကျွမ်းကျင်သူများက သတိပေးထားသည်။**



အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးခေါင်မှုကြောင့် မြေကြီးများ အက်ကွဲသည်ကို တွေ့ရစဉ်။

အာဖဂန်နိုင်ငံမြို့တော် ကဘူးလ်၏ မြေအောက်ရေအဆင့်မှာ ရေအလွန်အကျွံ ထုတ်ယူခြင်းနှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုတို့ကြောင့် သိသိသာသာ ကျဆင်းလာခဲ့သည်ဟု အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် Mercy Corps က ထုတ်ပြန်ထားသည်။

တစ်နှစ်လျှင် သဘာဝအတိုင်း ပြန်ပြည့်ရေကို ကုဗမီတာ ၄၄ သန်းအထိ အဆမတန် ထုတ်ယူမှုကြောင့် ကဘူးလ်မြို့၏ ရေအောင်းလွှာမှာ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ၂၅-၃၀ မီတာ (၈၂-၉၈ ပေ) ကျဆင်းသွားစေခဲ့သည်။

လက်ရှိအခြေအနေအတိုင်း ဆက်သွားမည်ဆိုလျှင် ကဘူးလ်မြို့၏ ရေအောင်းလွှာမှာ ၂၀၃၀ ပြည့်နှစ်ရောက်လျှင် ခြောက်သွေ့လာဖွယ်ရှိသည်။ ယင်းကဲ့သို့ ရေအောင်းလွှာ ခြောက်သွေ့မှုများ ဖြစ်လာမည်ဆိုလျှင် အာဖဂန်ဒေသခံ သုံးသန်းခန့်မှာ နေရာပြောင်းရွှေ့ရခြင်းများ ဖြစ်ပေါ်လာနိုင်သည်။

ဒေသခံများအတွက် သောက်သုံးရေ အဓိကအရင်းအမြစ်ဖြစ်သည့် ကဘူးလ်မြေအောက်ရေတွင်းများ၏ ထက်ဝက်ခန့်မှာ ခြောက်သွေ့လျက်ရှိသည်ဟု ယူနီဆက်ဖ်က ခန့်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။ မိလ္လာ၊ စွန့်ပစ်အညစ်အကြေး၊ အာဆီနစ်နှင့် ဆားဓာတ်ပါဝင်မှုအဆင့် မြင့်မားမှုတို့ကြောင့် မြေအောက်ရေ၏ ၈၀ ရာခိုင်နှုန်းမှာ ဘေးအန္တရာယ်မကင်းသည်ဟု ယူဆမိသည်။

အဆိုပါမြို့ ခြောက်သွေ့ဖွယ်ရှိမည့် အချိန်ကို မပြောနိုင်သေးသော်လည်း ကဘူးလ်မြို့၏ ရေပြဿနာမှာ စိုးရိမ်ရဖွယ်ဖြစ်နေသည်ဟု အာဖဂန်နစ္စတန် ရေနှင့် ပတ်ဝန်းကျင်ကျွမ်းကျင်သူများကွန်ရက်မှ အကြီးတန်းသုတေသီနှင့် အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာဂျက်ဘူလာ ဆစ်ဒက်ဒ်က ဆိုသည်။

အာဖဂန်နစ္စတန် နိုင်ငံတစ်ဝန်း တူးဖော်ထားသည့် ရေတွင်း ၃၁၀၀၀၀ ခန့်ရှိသည်ဟု အမျိုးသားစာရင်းအင်း ဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ဩဂုတ်လ အစီရင်ခံစာအရ သိရသည်။ အလားတူ ကဘူးလ်မြို့တစ်ဝန်း ရေတွင်းပေါင်း ၁၂၀၀၀၀ ခန့်ရှိသည်ဟု Mercy Corps က ခန့်မှန်းထားသည်။

"ညဥ့်နက်သည့်အချိန် အလုပ်ကနေ အိမ်ပြန်လာတဲ့အခါ ရေရဖို့အတွက် လက်ထဲမှာ ပုံးသေးသေးလေးတွေ ကိုင်ထားတဲ့ ကလေးငယ်တွေကို တွေ့ရတယ်။ ၎င်းတို့ဟာ စာသင်ကြားလေ့လာသင်ယူဖို့တွေထက် အိမ်အတွက်ရေရဖို့ကို စုဆောင်းနေရတယ်" ဟု ဆစ်ဒက်ဒ်က ဆက်ပြောသည်။

> ○ ကဘူးလ်မြို့၌ လုပ်ငန်းလည်ပတ်နေသည့်အဖျော်ယမကာ ၅၀၀ ကျော်နှင့် သတ္တုကုမ္ပဏီများက မြေအောက်ရေကို အပြည့်အဝ အသုံးပြုလျက်ရှိသည့်အတွက် ရေအရင်းအမြစ်များ လျော့နည်းစေ

ကဘူးလ်မြို့၌ လုပ်ငန်းလည်ပတ်နေသည့် အဖျော်ယမကာ ၅၀၀ ကျော်နှင့် သတ္တုကုမ္ပဏီများက မြေအောက်ရေကို အပြည့်အဝ အသုံးပြုလျက်ရှိသည့်အတွက် ရေအရင်းအမြစ်များ လျော့နည်းစေသည်ဟု ၎င်းက ဆက်ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ နာမည်ကြီး အာဖဂန်အချိုရည်ကုမ္ပဏီတစ်ခုက တစ်ရက်လျှင် လီတာ ၂ ဒသမ ၅ သန်း(ဂါလန် ၆၆၀၀၀၀) ဖြင့် တစ်နှစ်လျှင် ရေတစ်ဘီလီယံလီတာခန့် (ဂါလန် ၂၅၆ သန်း) ကို အသုံးပြုလျက်ရှိသည်ဟု ၎င်းက ခန့်မှန်းထားသည်။

ကဘူးလ်မြို့၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် green houses ၉၈၈၄ ကေရှိရာ နှစ်စဉ် ရေဂါလန် ၁ ဒသမ ၀၅ ဘီလီယံ စုပ်ယူလျက်ရှိသည်ဟု ၎င်းက ဆက်ပြောသည်။ ထို့အပြင် ရေပြတ်လပ်မှုမှာ ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း ဖြစ်စေသည့်အပြင် မကြာသေးမီနှစ်များအတွင်း အာဖဂန်နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုမှာလည်း သိသိသာသာ လျော့နည်းခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

"ကျွန်မရဲ့ခင်ပွန်းနဲ့ ကျွန်မ အိမ်ကနေ ထွက်ခွာသွားပြီး ရေအလုံအလောက် ရရှိတဲ့နေရာတစ်ခုကို ပြောင်းချင်တယ်။ နှစ်တွေတော်တော်ကြာကြာ ရေသွားခပ်ခဲ့ပေမယ့် အခုအခါ အသက်ကြီးလာပြီဖြစ်တဲ့အတွက် ရေမခပ်နိုင်တော့ဘူး" ဟု အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဖာရာပြည်နယ်ရှိ ခိုမာလော့ကျေးရွာရှိ အသက် ၆၀ အရွယ် ဖာတီမာက ဆိုသည်။ သန့်ရှင်းသောသောက်သုံးရေ ရရှိခြင်းက ဖာတီမာနှင့် ယင်းဒေသရှိ ဒေသခံများအတွက် ဝေးကွာသည့် အိပ်မက်တစ်ခုဖြစ်ခဲ့သည်။

"တစ်ကီလိုမီတာခန့် ဝေးကွာသည့် စမ်းချောင်းတစ်ခုမှရေကို သွားခပ်ရတယ်။ အဲဒီရေက သန့်ရှင်းမှုမရှိသလို အန္တရာယ်လည်း မကင်းပေမယ့် အခြားရွေးချယ်စရာ မရှိဘူး" ဟု ၎င်းက ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ လူဦးရေ၏ ၃၁ ရာခိုင်နှုန်းခန့်မှာ သောက်သုံးရေကို လက်လှမ်းမမီဘဲ ၄၂ ရာခိုင်နှုန်းမှာ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းအတွက် ရေမရရှိပေ။ ယူနီဆက်ဖ်သည် နေရောင်ခြည်စွမ်းအင်သုံး ရေပေးဝေရေးစနစ်သစ်တစ်ခုကို တပ်ဆင်ခြင်းဖြင့် အဆိုပါအခက်အခဲကို ဖြေရှင်းပေးခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အာဖဂန်နစ္စတန်နိုင်ငံသည် ယခင်နှစ်များနှင့်နှိုင်းယှဉ်ကြည့်ပါက ဆောင်းရာသီတွင် ပျမ်းမျှမိုးရေချိန် ၄၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိသာ ရှိခဲ့သည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် အကျပ်အတည်း မည်မျှရှိသည်ကို တိတိကျကျတိုင်းတာရန် ခက်ခဲသော်လည်း ပြင်းထန်သည့်ရာသီဥတုဖြစ်စဉ်များကြောင့် ကဘူးလ်မြို့၏ ဒုက္ခများကို ထပ်တိုးစေခဲ့သည်ဟု ကဘူးလ်အဆင့်မြင့်ပညာတက္ကသိုလ်မှ ကထိကဟောင်း မာယာက ဆိုသည်။

ပြင်းထန်စွာမိုးခေါင်ခြင်းနှင့် ဆီးနှင်းများကျခြင်းကဲ့သို့သော ရာသီဥတုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် မြေအောက်ရေပြန်ဖြည့်သည့် အခွင့်အရေးကို သိသိသာသာလျော့နည်းစေသည်ဟု ၎င်းက ဆက်ပြောသည်။ ။

**ကိုးကား-ALJAZEERA၊ ယူနီဆက်ဖ်**



# အသီးမှာဘုရင် သရက်သီး၏ ဆေးဖက်ဝင်မှုအမျိုးမျိုး

ဒေါက်တာလပြည့်ခင်



ယခုရာသီသည် သရက်သီးမှည့်တို့ လှိုင်လှိုင်ပေါ်ချိန်ဖြစ်သည်။ သရက်ပင်သည် မိမိတို့နိုင်ငံ၌ နေရာဒေသ မရွေး ပေါက်ရောက်၍ သရက်သီးမှာ လူတိုင်းနှစ်ခြိုက်စွာ စားသုံးသည့် အသီးဖြစ်သည့်အပြင် သရက်သီး၏ ဆေးဖက်ဝင်မှုများကလည်း အလွန်များပြားသည်။

**သရက်သီးအမှည့်၏ ဆေးဖက်ဝင်မှုများ**

သရက်သီးသည် ချိုချဉ်အရသာရှိပြီး ခံတွင်းမြိန်စေပါသည်။ သွေးသည်းခြေကို ဖျက်စေတတ်ပြီး လေသလိပ်ကိုနိုင်ပြီး ကျင်ကြီးအစုကိုဖျက်၍ ဝမ်းကို ရှင်စေပါသည်။ ကိုလက်စထရောဓာတ်ကို လျှော့ချပေးကာ ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ကာ အစာ ကြေစေသည်။ ဦးနှောက်သွေးကြောပြတ်ခြင်းအတွက် ကောင်းမွန်စေသလို မျက်လုံးအတွက် ဆေးတစ်မျိုးလည်းဖြစ်သည်။ သရက်သီးအမှည့်က သေးပြီး ချိုသည့်အရသာနှင့် ဖန်သည့်အရသာ အနည်းငယ်ရှိပြီး သလိပ်ဒေသကိုပွားစေပါသည်။ သုတ်ကိုပွားစေပြီး အစာစားချင်စိတ်ကို ပို၍ မြိန်စေပြီး ခွန်အားကို တိုးပွားစေပါသည်။ အအေးမိခြင်း၊ Allergic ကြောင့် နှာခေါင်းအတွင်းပိုင်း ရောင်ရမ်းနာကျင်မှုကို သက်သာစေသည့်အပြင် ခန္ဓာကိုယ်အားအင်တိုးပွားစေရန်အတွက် သရက်သီးမှည့်ဖျော်ရည်ကို ပျားရည်နှင့်ရောပြီး သောက်ပေးနိုင်ပါသည်။ ဦးရေပြားကိုလည်း ကျန်းမာစေပါသည်။

သရက်သီးက သွေးတွင်းအက်စစ်ဓာတ်ကို လျှော့နည်းစေသောကြောင့် အဆစ်အမျက် ကိုက်ခဲခြင်း၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်းတို့ကို ကာကွယ်ပေးပါသည်။ သရက်သီးတွင် ပိုတက်စီယမ်ဓာတ်(K) ကြွယ်ဝစွာပါဝင်မှုကြောင့် နှလုံးခုန်မမှန်ခြင်းနှင့် ကြွက်သားအားနည်းခြင်းတို့ကို သက်သာစေပါသည်။ သရက်သီးတွင် ပါဝင်သည့် Glutamic Acid က အာရုံကြောများကို လှုံ့ဆော်ပေးပြီး အာရုံစူးစိုက်မှုကို အားကောင်းစေပြီး ဦးနှောက်၏စွမ်းဆောင်ရည်များကို ပိုပြီးကောင်းမွန်စေပါသည်။ ထို့နောက် ဖောလစ်အက်စစ် (Folic Acid) ၊ မဂ္ဂနီစီယမ် (Mg)၊ ကယ်လစီယမ် (Ca)၊ ဖော့စဖရပ်စ်(P)နှင့် ပိုတက်စီယမ် (K) တို့ ပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်မိခင်များ သရက်သီးကို စားပေးလျှင် ကလေးကြီးထွား ဖွံ့ဖြိုးမှုကိုလည်း အထောက်အပံ့ဖြစ်စေပါသည်။

**နွေရာသီတွင်သောက်သင့်သော သရက်သီးဖျော်ရည်**

သရက်သီးသည် ခန္ဓာကိုယ်ကိုအေးမြစေသော အစွမ်းသတ္တိပါရှိသဖြင့် ပူပြင်းသောနွေရာသီတွင် သရက်သီးဖျော်ရည်သောက်ပြီး အပူဒဏ်သင့်ခြင်းကို ကာကွယ်နိုင်သည်။ ထို့ပြင် ဆီးရှင်စေသဖြင့် ဆီးကျောက်တည်မှုအန္တရာယ်ကို လျှော့ချပေးပြီး ကျောက်ကပ်ကို သန့်စင်စေကာ ခန္ဓာကိုယ်တွင် ဆီးဆိပ်တက်ခြင်းပြဿနာကို မဖြစ်ပေါ်စေနိုင်ပါ။ သရက်သီးအစိမ်းကို ဖျော်သောက်ပေးမည်ဆိုပါက ရာသီဥတုပူပြင်းမှုကြောင့် ခန္ဓာကိုယ်တွင် ဖြစ်လာနိုင်သည့် အပူလျှပ်ခြင်းကဲ့သို့ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးပါသည်။

**အမျိုးသမီးများနှင့်သင့်တော်သော သရက်သီး**

သွေးအားနည်းရောဂါရှိသူများသည် ညစာစားပြီးတိုင်း သရက်သီးကို မှန်မှန်မှီဝဲစားသုံးခြင်းဖြင့် သွေးနီဥပမာဏ တိုးပွားလာစေနိုင်သည်။ အမျိုးသမီးများ ရာသီလာစဉ် နာကျင်ကိုက်ခဲမှုဝေဒနာတို့ကိုသက်သာစေသလိုသွေးဆုံးပြီးစအတွက်လည်း သရက်သီးက အထူးသင့်တော်သည်။ ထို့ပြင် ကယ်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ပါရှိခြင်းကြောင့် သားလျှောသားပျက်ခြင်းမှ ကာကွယ်ပေးနိုင်ရုံမျှမက သံဓာတ်ကြွယ်ဝခြင်း၊ HB ပမာဏကိုထိန်းညှိကာ ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ကောင်းစွာ လည်ပတ်စေနိုင်ခြင်းကြောင့်လည်း ကိုယ်ဝန်ဆောင်မိခင်များသည် သရက်သီးနှင့် သရက်သီးဖျော်ရည်တို့ကို သောက်သုံးပေးသင့်သည်။

**ကင်ဆာအချို့ကိုကာကွယ်ပေးနိုင်သောသရက်သီး**

သရက်သီးတွင် ဓာတ်တိုးဆန့်ကျင်အာနိသင်များ ပါဝင်သောကြောင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာနှင့် ဆီးကျိတ်ကင်ဆာများ မဖြစ်စေရန် ကာကွယ်ပေးသည့်အပြင် ဘီတာကယ်ရိုတင်း၊ ပိုတက်စီယမ်နှင့် ဆယ်လီနီယမ်တို့ ပါရှိသဖြင့် နှလုံးနှင့်နှလုံးကြွက်သားများကို ကျန်းမာကြံ့ခိုင်စေပြီး သွေးဖြူဥကို လှုံ့ဆော်ပေးကာ မလိုလားအပ်သည့် ဗက်တီးရီးယားများကို ပျက်စီးစေနိုင်သည်။

**သွေးတွင်းကိုလက်စထရော ကျစေနိုင်သော သရက်သီး**

သရက်သီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် သွေးတွင်းကိုလက်စထရောပမာဏ ကျဆင်းအောင်လည်း လုပ်ဆောင်ပေးနိုင်ပါသည်။ သရက်သီးတွင် ဖိနိုလစ်ကွန်ပေါင်းတစ်မျိုး ပါဝင်သည့်အတွက် အရွယ်တင်နုပျိုစေခြင်း၊ ကျန်းမာရေးပြဿနာများကို ဖြစ်ပွားစေနိုင်သော ဖရီးရယ်ဒီကယ်များကို ထိန်းထားပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပေါကြွယ်ဝစွာပါရှိသည့်အတွက် သွားဖုံးသွေးယိုရောဂါ၊ ချောင်းဆိုး၊ အဖျားတက်ခြင်း၊ မအီမသာပျို့အန်ခြင်း၊ ပင်လယ်လှိုင်းမူးခြင်း၊ ကြွက်တက်ခြင်း စသည့်ဝေဒနာများကို ပျောက်ကင်းစေနိုင်ကြောင်း တရုတ်ဆေးကျမ်းများတွင် ဖော်ပြထားသည်။ သရက်သီးစားခြင်းဖြင့် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ပြီးနောက် စွမ်းအင် ပြန်လည်ဖြည့်ပေးနိုင်သည်ဟုလည်း ဆိုကြသည်။ ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ လုံလောက်စွာပါရှိခြင်းကြောင့် သွေးဖိအားကို ပုံမှန်ဖြစ်စေပြီး Glycemic ဓာတ်ပါဝင်မှု နည်းပါးသောကြောင့် သွေးထဲရှိ သကြားပမာဏကို ထိန်းညှိပေးကာ အဆီပမာဏကိုလည်း မျှတစေသည့် အကျိုးကျေးဇူးများကြောင့် သွေးတိုးရောဂါ ဝေဒနာသည်များအတွက် အထူးသင့်တော်ကောင်းမွန်သည်။

**ဆီးကျောက်ကျေစေသော သရက်သီးအမှည့်**

ဆီးကျောက်တည်သူများ၊ ဆီးလမ်းကြောင်းပိုးဝင်သူများ ဓာတ်စာအနေဖြင့် သရက်သီးဖျော်ရည်တစ်ဖန်ခွက်နှင့် လတ်ဆတ်သည့် မုန်လာဥဖျော်ရည်ဖန်ခွက်တစ်ဝက်ကို ရောစပ်၍ နေ့စဉ်သောက်ပေးခြင်းဖြင့် ဆီးကျောက်ကို ကျေစေပြီး ဆီးလမ်းကြောင်းပိုးဝင်ပြီး ခံစားရသည့်လက္ခဏာများကိုလည်းသက်သာစေပါသည်။

**အသားအရေကိုလှပစေနိုင်သော သရက်သီး**

သရက်သီးမှည့်တွင်ပါဝင်သော ဗီတာမင်အေ၊ ဗီတာမင်စီနှင့် ဗီတာမင်အီးများ ပါဝင်မှုကြောင့် အသားအရေကို ချောမွေ့လှပစေပြီး အရေပြားတွင် ကြာဆူးကဲ့သို့ အဖုများထွက်ခြင်း၊ အသားအရေခြောက်သွေ့ခြင်း၊ အရေပြားတွန့်ခြင်းနှင့် ပါးရေတွန့်ခြင်းတို့ကို သက်သာစေပါသည်။ တင်းတိပ်၊ မှဲ့ခြောက်၊ ဝက်ခြံထွက်ခြင်းတို့ကို သက်သာပျောက်ကင်းစေပြီး အသားအရေကို စိုပြည်ချောမောလှပကာ အရွယ်တင်နုပျိုစေပါသည်။ သရက်သီးက အသားအရေကိုချောမွေ့စေပြီး ဝက်ခြံများကိုသက်သာစေနိုင်သောကြောင့် အသားအရေလှပချင်သူများအနေဖြင့် သရက်သီးကို စားသုံးပေးသင့်ပါသည်။ သရက်သီးကို စားပေးရုံတင်မကဘဲ မျက်နှာပြင်ပေါ်က ချွေးပေါက်များကိုလည်း ပွင့်စေသဖြင့် မျက်နှာပေါင်းတင်ရန်အတွက်လည်း အသုံးပြုနိုင်ပါသည်။ သရက်သီးကို ခပ်ပါးပါးလှီးပြီး မျက်နှာပေါ်တွင် ညင်သာစွာကပ်ကာ အချိန် ၁၅ မိနစ်ခန့်အကြာတွင် ရေနွေးဖြင့် သန့်စင်ဆေးကြောပေးပါက ချွေးပေါက်များကို ပွင့်စေပြီး ဝက်ခြံပေါက်ခြင်းမှ ကာကွယ်နိုင်သည်။ ထိုကဲ့သို့ မကြာခဏပြုလုပ်ပေးခြင်းဖြင့် အသားအရေ၏ အစိုဓာတ်ကိုထိန်းညှိပေးကာ ဖြူစင်ဝင်းပသော လှတစ်မျက်နှာကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

**အမြင်အာရုံကောင်းမွန်စေသောသရက်သီး**

ကွန်ပျူတာနှင့် ဖုန်းများ နေ့စဉ်အသုံးပြုနေသူများအနေဖြင့် တစ်နေ့တာ လိုအပ်သော ဗီတာမင်အေ၏ ၂၅ ရာခိုင်နှုန်းခန့် ပါဝင်သည့်အပြင် Flavonoids၊ Betacarotene၊ Alphacarotene နှင့် Betacryptoxanthin တို့ပါရှိသော သရက်သီးမှည့်ကို စားခြင်းဖြင့် အမြင်အာရုံကောင်းမွန်စေပြီး မျက်စိယားယံခြင်း၊ ရောင်ကိုင်းခြင်း၊ ကြက်မျက်သင့်ခြင်း၊ မျက်လုံးခြောက်သွေ့ခြင်းနှင့် မျက်ကြည်လွှာရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်သည်။ သရက်သီးမှည့်ကို ပုံမှန်စားပေးခြင်းဖြင့် မျက်စိကို ခရမ်းလွန်ရောင်ခြည် (UV) ဝင်ရောက်သည့်ဒဏ်ကို ကာကွယ်ပေးသောကြောင့် အမြင်အာရုံထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ပေးပါသည်။

**ဆံသားများကို ကောင်းမွန်စေသောသရက်သီး**

သရက်သီးတွင် ပါဝင်သည့် ဗီတာမင်ဓာတ်များက ဆံပင်အရည် အိတ်ငယ်လေးများကို အားကောင်းစေသောကြောင့် ဆံပင်အသစ်များကိုလည်း ထွက်စေပြီး ဆံပင်သန်ကာ အရောင်တောက်စေသောကြောင့် ဆံပင်ကျွတ်ပြီး ဆံသားခြောက်သွေ့နေသူများအနေဖြင့် သရက်သီးကို စားပေးခြင်းဖြင့် ဆံပင်များ ပြန်လည်ကောင်းမွန်လာစေနိုင်ပါသည်။

**အစာကြေစေသောသရက်သီး**

သရက်သီးတွင် အမျှင်ဓာတ်နှင့် အစာခြေအင်ဇိုင်းတစ်မျိုးဖြစ်သည့် Amylase ကြွယ်ဝစွာပါဝင်သောကြောင့် စားသောက်လိုက်သည့် ကာဗိုဟိုက်ဒရိတ်များကို Amylase အင်ဇိုင်းများက ကောင်းစွာခြေဖျက်ပေးနိုင်သဖြင့် အူလမ်းကြောင်းကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိစေပါသည်။ သရက်သီးမှည့်တွင် ခြေဖျက်လွယ်သော အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် ဝမ်းပျော့စေပြီး ဝမ်းချုပ်တတ်သူများ သရက်သီးမှည့် တစ်နေ့တစ်လုံး ပုံမှန်စားသုံးခြင်းဖြင့် ဝမ်းမှန်စေသည့်အပြင် အစာအိမ်နှင့်အူများကို သန့်စင်စေရုံသာမက အသည်းကိုပါ ကောင်းကျိုးများစေပါသည်။ သရက်သီးမှည့်တွင် အစာခြေစနစ်အတွက် အဓိကဖြစ်သော အမျှင်ဓာတ်နှင့် ရေဓာတ်ကြွယ်ဝသဖြင့် သရက်သီးစားသုံးခြင်းဖြင့် ဝမ်းချုပ်ခြင်းကို ကင်းဝေးစေပါသည်။

❖ **ကွန်ပျူတာနှင့် ဖုန်းများ နေ့စဉ်အသုံးပြုနေသူများအနေဖြင့် တစ်နေ့တာ လိုအပ်သော ဗီတာမင်အေ၏ ၂၅ ရာခိုင်နှုန်းခန့် ပါဝင်သည့်အပြင် Flavonoids၊ Betacarotene၊ Alphacarotene နှင့် Betacryptoxanthin တို့ပါရှိသော သရက်သီးမှည့်ကို စားခြင်းဖြင့် အမြင်အာရုံကောင်းမွန်စေပြီး မျက်စိယားယံခြင်း၊ ရောင်ကိုင်းခြင်း၊ ကြက်မျက်သင့်ခြင်း၊ မျက်လုံးခြောက်သွေ့ခြင်းနှင့် မျက်ကြည်လွှာရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်သည်။ သရက်သီးမှည့်ကို ပုံမှန်စားပေးခြင်းဖြင့် မျက်စိကို ခရမ်းလွန်ရောင်ခြည် (UV) ဝင်ရောက်သည့်ဒဏ်ကို ကာကွယ်ပေးသောကြောင့် အမြင်အာရုံထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ပေး**

*စာမျက်နှာ ၁၇ သို့*

## ဇဟန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ယမန်နေ့က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စာရေးဆရာမ ပေါက်ပေါက်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်း ကျင်းပရာ G-11 ကျောင်းသူ မလဝန်းချိုက လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ G-8 ကျောင်းသူ မအေးမြမြကျော်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ G-8 ကျောင်းသူ မမြတ်ဆုကေရီက လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် လည်းကောင်း၊ G-8 ကျောင်းသားမောင်ခွန်ဘဟိန်းက လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ G-8 ကျောင်းသား မောင်ထက်မြင့်မြတ်ဖြိုးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း၊ G-8 ကျောင်းသူ မသုန်ပြည့်ပြည့်ခင်က လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများကို ကျင်းပပြီး အသိပညာပေး နံရံကပ်စာစောင်များ၊ စာအုပ်စာစောင် ပြပွဲများကို ကျောင်းသား ကျောင်းသူများအား ပြသပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## ကျိုက္ကသာကျေးရွာ အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဇူလိုင် ၁၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ကျိုက္ကသာကျေးရွာ အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များက ဇူလိုင် ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျိုက္ကသာကျေးရွာ အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၂၈၉ ဒသမ ၀၀၀ ဖြင့် အောင်မြေရွှေပြည်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်မှုရှိစေရေး အသိပညာပေး

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်မှုရှိစေရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့



သရုပ်ပြဆောင်ရွက်ခြင်းကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်က မိမိကျောင်းများမှစတင်၍ မိမိပတ်ဝန်းကျင်၊ မိမိရပ်ကွက်၊ မြို့များတွင် အမှိုက်ကို စနစ်တကျခွဲခြား စွန့်ပစ်သည့် အလေ့အထကောင်းများဖြစ်ပေါ်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် အမှိုက်များအား ခွဲခြားစွန့်ပစ်ရန် လိုအပ်ကြောင်းနှင့် အမှိုက်အမျိုးအစားလေးမျိုးဖြစ်သည့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိအမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရေး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ ဆက်)**



## လပွတ္တာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လပွတ္တာ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့က (၃)မိုင်မြို့ ခရေပင်လမ်း ဆေးရုံဝင်းအနီး မြယာကုန်းဂေါက်ကွင်း၌ ကျင်းပသည်။

၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိအိနွယ်နှင့်အဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဝင်းနိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက မန်ဂျန်ရှား ၇၀၀၊ ကျွန်း ၁၀၀၊ စိန်ပန်း ၂၀၀၊ ငုရွှေဝါ ၁၀၀၊ ကံ့ကော် ၁၀၀ စုစုပေါင်း ပျိုးပင်ပေါင်း ၁၂၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း

**သံဖြူဇရပ် ဇူလိုင် ၁၃**

ပြည်တွင်းအခွန်များ ဦးစီးဌာန၏ အခွန်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အသိပညာပေး ရှင်းလင်းခြင်း အခမ်းအနားကို ဇူလိုင် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ သံဖြူဇရပ်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသက်တင်ဦးက အခွန်ပေးဆောင်ရခြင်း၏ရည်ရွယ်ချက်၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်၍ ထုတ်ပေးခြင်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်သည့် လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုများ တိုင်ကြားခြင်းတို့နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။



**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၁၆ မှ*

### ကိုယ်ခံအားကို ကောင်းမွန်စေသော သရက်သီး

သရက်သီးတွင် ဗီတာမင်စီ၊ ဗီတာမင်အေနှင့် Carotenoids (၂၅) မျိုးအထိ ပါဝင်သောကြောင့် ကိုယ်ခံအားကို ကောင်းမွန်စေပြီး အမြဲကျန်းမာနေစေမည်မှာ သေချာပါသည်။ ဘေးဥပဒ်အန္တရာယ်ကင်းဝေးစွာဖြင့် ကိုယ်အလေးချိန်ကျလိုပါက သရက်သီးစားသုံးရန်နှင့် သရက်သီးကို နို့ဖြင့် တွဲဖက်စားသောက်ပေးခြင်းဖြင့် ခွန်အားတိုးပွားစေနိုင်ပြီး ကိုယ်အလေးချိန်တက်စေသည်။ သရက်သီးထဲတွင် Glutamine အက်စစ်ပါရှိသည့်အတွက် ဦးနှောက်ထဲရှိဆဲလ်များကို နှိုးဆော်ပေးကာ မှတ်ဉာဏ်စွမ်းပကားကို တိုးတက်စေသည့်အတွက် ကလေးငယ်များကို သရက်သီး ကျွေးပေးသင့်ပါသည်။

### သရက်သီး၏နည်းပါးသောဆိုးကျိုး

သရက်သီးစားလျှင် အစေးများရှိသည့်ထိပ်ပိုင်းကို ခားနှင့်လှီးထုတ်ပြီး ရေနှင့်သေချာဆေးကြော၍ မစားပါက ပါးစပ်တွင် အကွက်များထွက်ခြင်း၊ အရည်ကြည်ဖုထွက်ခြင်း၊ သရက်အစေးလောင်ခြင်းတို့ဖြစ်တတ်ပါသည်။ သရက်သီးအစေးနှင့် ထိမိလျှင်လည်း အစေးကရေတွင် မပျော်ဝင်သောကြောင့် ဆပ်ပြာနှင့် သေချာဆေးကြောသင့်ပါသည်။ သရက်သီးအခွံတွင် ဇက်တီးရီးယားပိုးများ ကပ်နေလျှင်လည်း Allergic ဖြစ်တတ်ပါသည်။ သရက်သီးအမှည့်ကို အလွန်အမင်းစားခြင်း၊ အမှည့်လွန်သီးကို စားမိလျှင်လည်း ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ ဖြစ်တတ်ပါသည်။ သရက်သီးအစိမ်းကို အလွန်အမင်းစားမိလျှင်လည်း အစာမကြေခြင်း၊ အစာအိမ်နာခြင်း၊ ဝမ်းလျှောခြင်းတို့ ဖြစ်တတ်ပါသည်။

### သရက်သီးမစားသင့်သောသူများ

အရမ်းငယ်သေးသော ကလေးများက လွဲ၍ သရက်သီးကို လူတိုင်းစားပေးနိုင်သော်လည်း အလွန်အကျွံမဖြစ်ရန် လိုပါသည်။ သရက်သီးသည် အမျိုးသမီးများနှင့် သင့်လျော်ကောင်းမွန်သော်လည်း မွေးဖွားခါနီး မိခင်လောင်းများ အလွန်အကျွံ မစားသုံးသင့်ပါ။ သရက်သီးများများစားပြီးနောက် ရေနိုင်နိုင်ချိုးပေးခြင်းဖြင့် အပူကန်မိတ်ဖုထွက်ခြင်းနှင့် မျက်စိအခိုးဝေသီခြင်းတို့မှ သက်သာစေပါသည်။ နိုင်ငံတစ်ဝန်း၌ သရက်သီးအမျိုးအစားအစုံကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သောကြောင့် ကျန်းမာရေးအတွက် အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်သော သရက်သီးများကို သင့်တင့်မျှတစွာဖြင့် အရသာရှိရှိစားသုံးနိုင်ရန် အသီးတို့၏ ဘုရင်ရာသီစာသရက်သီး၏ ဆေးဖက်ဝင်ပုံအမျိုးမျိုးကို တင်ပြလိုက်ရပါသည်။ ။



## တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာ ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**တန့်ယန်း ဇူလိုင် ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်ဟူးလွယ်ကာ ကျေးရွာအုပ်စု နမ့်ဟူးလွယ်ကာ ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် နမ့်ဟူးလွယ်ကာ ခေတ်မီစံပြကျေးရွာတွင် အလျား ပေ ၇၂၀၊ အမြင့် ခြောက်ပေရှိ မြစိမ်းရောင်ခန်းမ အဝင် အုတ်တံတိုင်းကာရံခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ခေတ်မီစံပြကျေးရွာ စီမံကိန်း ကော်မတီများနှင့် တွေ့ဆုံကာ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန် မှာကြားပြီး ကျေးရွာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

နမ့်ဟူးလွယ်ကာ ခေတ်မီစံပြကျေးရွာ၌ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလှူရှင်မှလှူဒါန်းငွေကျပ် ၂၁၇ သိန်း အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၁၀၀ ရာနှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

---

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး



**ရန်ကုန် ဇူလိုင် ၁၃**

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ဆက်)**

---

## မအူပင်မြို့နယ်၌ ဆာဖိုးသာစပါးမျိုးစိုက်ပျိုးနေမှု ကြည့်ရှုအားပေး



**မအူပင် ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စု ရေလဲကလေးကျေးရွာရှိ ရွှေဖိုးသာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ စိုက်ကေ ၉၁ ကေ၌ ဆာဖိုးသာစပါးမျိုးစိုက်ပျိုးနေမှုကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

အဆိုပါ သမဝါယမအသင်း၏ အသင်းသား ၁၆ ဦးမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရယူ၍ စိုက်ပျိုးသည့် အသင်းသား ဦးစိုးတင့်၊ ဦးကျော်ညွန့်နှင့် ဦးကျော်ကျော်တို့၏ လယ်ကေတွင် ဆာဖိုးသာ စပါးမျိုးစိုက်ပျိုးနေမှုကို တိုင်းဒေသကြီး သမဝါယမ ဦးစီးမှူး ဦးကျော်စိုးမင်းနှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး မအူပင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်က အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

---



## ဇေယျာသီရိမြို့နယ်၌ ဝါးပျိုးပင်များ စိုက်ပျိုးထားရှိမှုအား တာဝန်ရှိသူများ ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၃**

သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည့်စိုးသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းတာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝန်ပြန်ကျေးရွာတွင် လုပ်ငန်းဆောင်ရွက်နေသော ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ ဆောက်လုပ်ရေးလုပ်ငန်းသုံးများ၊ စားသုံးကုန်ပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများကို ဝါးလက်မှုထည်ဖြင့် ထုတ်လုပ်နေမှုနှင့် ကုန်ကြမ်းရရှိရေးအတွက် ဝါးပျိုးပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ထုတ်ကုန်အမယ်သစ်များ ထပ်တိုးထုတ်လုပ်နိုင်ရေး တိုးတက်ပြောင်းလဲလာသော နည်းပညာများအား စဉ်ဆက်မပြတ်လေ့လာရေး၊ အသင်းလုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေး၊ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ပိုမိုဈေးကောင်းရရှိသည့် ဈေးကွက်သစ်များရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးနှင့် သမဝါယမအသင်း၏ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## တောင်ကြီးမြို့နယ် ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**တောင်ကြီး ဇူလိုင် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းစန္ဒာနှင့် တာဝန်ရှိသူများသည် ပန့်ပုန်းခေတ်မီစံပြကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို (Exit Strategy) အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၁၆၉ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၁၀၁ ဒသမ ၄ သန်းအထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**JJJ**



---

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင်စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

---

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်**
**တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ**
**ဒုတိယအကြိမ် အကောင်းဆုံးပါ။**

# တာချီလိတ်မြို့၌ နိုင်ငံခြားသားများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကျင်းပ

**တာချီလိတ် ဇူလိုင် ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးက ကြီးမှူး၍ နိုင်ငံခြားသားများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက တာချီလိတ်မြို့ 1G1 Hotel ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ မြို့နယ်လဝကဦးစီးမှူး ဦးသက်ဆွေဦးက အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးစိုင်းဝန်းလတ်ထွန်းက ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံခြားသား ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဟောပြောခဲ့ရာ ဟိုတယ်/မိုတယ်များမှ တာဝန်ခံများ သိရှိလိုသည့် မေးမြန်းချက်များကို ခရိုင်လဝကဦးစီးမှူး ဦးမင်းနိုင်ဦးနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမျိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးကြပ်မှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့ပေါ် ဟိုတယ်နှင့် မိုတယ်များမှ တာဝန်ခံများ တက်ရောက်ခဲ့သည်။ **သန်းဇော် (တာချီလိတ်)**

# လပွတ္တာမြို့နယ်၌ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ

**လပွတ္တာ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသို့ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူ စားသောက်နိုင်စေရန် ဇူလိုင် ၁၁ ရက်က လပွတ္တာမြို့ အမှတ်(၁) ရပ်ကွက်ဈေး၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် ခရိုင်နှင့် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆန်တစ်ပြည် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဆန် ၁၀ အိတ်၊ ဆီတစ်ပိဿာ ငွေကျပ် ၆၈၀၀ နှုန်းဖြင့် ပိဿာ ၁၁၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၅၀ နှုန်းဖြင့် အလုံး ၉၀၀ ကို ဈေးနှုန်းချိုသာစွာဖြင့် စားသုံးသူများ လက်ဝယ် အရောက် ရောင်းချပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေးတို့က ကြည့်ရှုအားပေးကြပြီး တစ်ပတ်လျှင် နှစ်ကြိမ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**



# အောင်လံမြို့နယ်၌ ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**အောင်လံ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ကွပ်ကဲမှုအောက်ရှိ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ/သုံးရေများ ဖူလုံစွာရရှိစေရန်အတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက လက်မြှောင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် လက်မြှောင်ကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အနက်ပေ ၄၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်း တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅ – ၂၀၂၆ ခုဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၃ သန်းကို အကုန်အကျခံကာ ခရိုင်/မြို့နယ်ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ယခုနှစ်ဇူလိုင်လ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် နွေရာသီကာလအတွင်း ရေရှားပါးသည့် ပြဿနာများပြေလည်ကာ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# အလုံမြို့နယ် သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကျောင်းများနှင့်ဆေးပေးခန်း၊ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄–၂၀၂၅ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၁ ရက်က အလုံမြို့နယ် အမှတ်(၃)၊ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက အမှာစကားပြောကြားသည်။ ထို့နောက် အသင်းသားများအား ရင်းနှီးအစုပေါ် ခွဲဝေငွေကျပ်သိန်း ၆၆၆၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများ ခွဲဝေပေးခဲ့ကြောင်း သိရသည်။ **ယောရော(ပြန်/ဆက်)**





# တွံတေးမြို့နယ်၌ ကျေးလက်လမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တွံတေး ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွင်းပေါက် ချောင်းစပ်မှရွှေမုယင်းငါးကန်များသို့ ဆက်သွယ်သောချောင်းရိုးတာပေါင်ကို မြေကြီးတာပေါင်ချဲ့ခြင်းနှင့် ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံသည် သန်လျင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) တို့နှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# ဘားအံမြို့၌ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၁၃**

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ဘားအံ) မှ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် ကျုံပကိုကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်း (ဘားအံ) ကျောင်းအုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို စီမံကိန်းကော်မတီဝင်များထံ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ၁၇ ရက်အထိ သင်တန်းသား ၁၀ ဦးဖြင့် ခုနစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယအကြိမ်ကို ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ဆက်လက် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**ဘားအံ ဇူလိုင် ၁၃**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ၊ ၄၄ မိနစ်၊ ၄၂ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်–အနောက်တောင်ဘက် (၅၄၂) မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် (၉.၂၄) ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် (၉၃.၉၅) ဒီဂရီ၊ အနက် (၁၀) ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး (၅.၁) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၈၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၈၅၄၅၇၈) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (ကုန်လှောင်ရုံ) ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၈၁၂၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၃၁၃၅၇၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်စားသောက်ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

၃ ဒသမ ၁၈၀ တန်၊ သစ်မာ ၁ ဒသမ ၁၈၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၇၆၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးနှင့် ရွှေဘိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၅၁၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace Light Truck တစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Foton Light Truck တစ်စီး၊ စက်မှုဇုန်ထုတ် KO Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၈၅၁၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၆) ရပ်ကွက် ဘိုကလေး (၄)လမ်း၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၉) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၇၅၃၄၉၀၂) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်း များက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## စစ်ကိုင်းမြို့နယ်နှင့် ဖြူးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

စစ်ကိုင်းမြို့နယ်နှင့် ဖြူးမြို့နယ်တို့၌ ဇူလိုင် ၁၁ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ရတနာပုံတံတား စစ်ဆေးရေးဂိတ်၌ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကလေးမြို့ တာဟန်းရပ်ကွက်နေ ပြည့်စုံအောင် (၂၆) နှစ်အား YGN-22 RLG xxxx MARK II အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်ဖြင့်လည်းကောင်း။

အလားတူ ညနေ ၅ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် မိုင် ၁၂၀ ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ညောင်ပင်သာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဖြူးမြို့နယ် ကညင်ဒိုင်းကျေးရွာနေ ထွန်းထွန်း (၄၅) နှစ်အား MDY-9 9F/xxxx Mazda Titan အမျိုးအစားလိုင်စင်မဲ့ မော်တော်ယာဉ်ဖြင့် လည်းကောင်းအသီးသီးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ပြည့်စုံအောင်နှင့် ထွန်းထွန်းတို့အား သက်ဆိုင်ရာရဲစခန်းများ၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**





## တိုက်ကြီးမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ



**နေပြည်တော် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဇူလိုင် ၁၂ ရက်က လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီခွဲတွင် တိုက်ကြီးမြို့နယ် တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက တာခွကျေးရွာတိုးဂိတ်အနီး၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်-ပြည်ကားလမ်းအတိုင်း မှော်ဘီမြို့နယ်ဘက်မှ တိုက်ကြီးမြို့နယ်ဘက်သို့ မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာနေ ကျော်လင်းထွန်း (ခ) ကုလား (၂၉) နှစ် စီးနင်းလာသည့် Luojia 110-22 အမျိုးအစား နီ/နက်ရောင် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း သိရသဖြင့် ကျော်လင်းထွန်း (ခ) ကုလားအား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## သံဖြူဇရပ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသမီး တစ်ဦး သေဆုံး

**နေပြည်တော် ဇူလိုင် ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ဇူလိုင် ၁၁ ရက်က ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် သံဖြူဇရပ်မြို့နယ် ပငကျေးရွာ ပင-ကရုပ္ပိ ကျေးရွာသွားလမ်း၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ သံဖြူဇရပ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း ကော့ထော်ဇရပ်ကျေးရွာဘက်မှ ပငကျေးရွာဘက်သို့ မော်လမြိုင်မြို့နယ် ဒိုင်းဝန်ကွင်းရပ်ကွက်နေ အောင်လွင်ထွန်း (၄၂) နှစ်သည် MON-4 6M/xxxx SKAT အမျိုးအစား ခြောက်ဘီးယာဉ်အား နောက်ဆုတ် မောင်းနှင်စဉ် ဆိုင်ကယ်ဖြင့် ရပ်တန့်နေသည့် သံဖြူဇရပ်မြို့နယ် ပငကျေးရွာနေ ဒေါ်သီသီဝင်း (၄၀) နှစ်အား ဝင်ရောက်တိုက်မိ၍ ဒေါ်သီသီဝင်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် အောင်လွင်ထွန်းအား သံဖြူဇရပ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေး အချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်







### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း





# နယူးကာဆယ်က တောင်ပံကစားသမား အီလန်ဂါကို အပြီးသတ်ခေါ်ယူ

နယူးကာဆယ်အသင်းသည် နော့တင်ဟမ်ဖောရက်စ်အသင်းမှ တောင်ပံကစားသမား အန်တိုနီ အီလန်ဂါကို ပြောင်းရွှေ့ကြေး



ပေါင် ၅၅ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် ဆွီဒင်လက်ရွေးစင်ကစားသမားသည် ပြီးခဲ့သည့်ရာသီ ပရီမီယာလိဂ်တွင် ၃၈ ပွဲ ပါဝင်ကစားထားပြီး နော့တင်ဟမ်ဖောရက်စ် အသင်းအတွက် ခြောက်ဂိုးသွင်းပြီး ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်ထားသည်။ ၎င်းသည် ၂၀၂၃ ခုနှစ်တွင် မန်ယူအသင်းမှ နော့တင်ဟမ်ဖောရက်စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ နယူးကာဆယ်အသင်းသည် ၂၀၂၅-၂၀၂၆ ရာသီ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် ဩဂုတ် ၁၆ ရက်တွင် စတင်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ထို့အပြင် နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် အဆင့် (၅) ဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သည့်အတွက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားသည့် အသင်းဖြစ်သည်။

# အိုဗီဒိုအသင်းနှင့် ကာဇိုလာ စာချုပ်ချုပ်ဆို

အာဆင်နယ် ကွင်းလယ်ကစားသမားဟောင်း ဆန်တီကာဇိုလာ (၄၀ နှစ်) သည် ရီးရဲအိုဗီဒိုနှင့် တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။

၎င်းသည် ၂၀၂၃ ခုနှစ်တွင် အိုဗီဒိုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ခြေစွမ်းပြသကာ နှစ်ပေါင်း ၂၄ နှစ်အတွင်း လာလီဂါသို့ တန်းတက်ခွင့်ရရှိအောင် ကူညီပေးထားနိုင်သည်။



လာမည့် ဒီဇင်ဘာလတွင် အသက် ၄၁ နှစ်ပြည့်တော့မည့် ကာဇိုလာသည် ပြီးခဲ့သည့်ရာသီတွင် ၃၅ ပွဲ ပါဝင်ကစားထားကာ ငါးဂိုးသွင်းယူပြီး ငါးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

# ရာသီအကြို ခြေစမ်းပွဲစဉ်များတွင် ဒဏ်ရာကြောင့် အိုနာနာ လွဲချော်မည်

မန်ယူဂိုးသမား အန်ဒရီအိုနာနာသည် ဒဏ်ရာကြောင့် အမေရိကန်ပြည်ထောင်စုတွင် ရာသီအကြိုခြေစမ်းပွဲစဉ်များတွင် ပါဝင်ကစားနိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် ကင်မရွန်းလက်ရွေးစင်ဂိုးသမားသည် ၂၀၂၃ ခုနှစ်တွင် ပြောင်းရွှေ့ကြေး ပေါင် ၄၇ ဒသမ ၂ သန်းဖြင့် အင်တာမီလန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

နည်းပြ အမ်မိုရင်သည် အိုနာနာ ဒဏ်ရာရရှိမှုကြောင့် ရာသီအကြိုခြေစမ်းပွဲများတွင် အသက် ၂၇ နှစ်အရွယ် ဘယင်ဒါကို ပထမဦးစားပေးဂိုးသမားအဖြစ် အသုံးပြုသွားဖွယ်ရှိသည်။



■ မန်ယူဂိုးသမား အိုနာနာ

မန်ယူအသင်းသည် အသက် ၃၉ နှစ်အရွယ် အင်္ဂလန်ဂိုးသမားဟောင်း တွန်ဟက်တန်ကို ယခု သီတင်းပတ်အတွင်း တစ်နှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ မန်ယူအသင်းသည် ရာသီအကြို ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင် ၁၉ ရက်တွင် လိဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

# ဝါရှင်တန် အိုးပင်းပြိုင်ပွဲတွင် ဗီးနပ်စ် ဝီလီယံ ပါဝင်ယှဉ်ပြိုင်ကစားမည်

ဂရင်းဆလမ်းဆုဖလားကို ခုနစ်ကြိမ် ဆွတ်ခူးရရှိထားသော ဗီးနပ်စ် ဝီလီယံသည် ဝါရှင်တန်အိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် ဖိတ်ခေါ်မှုကို လက်ခံလိုက်ကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါပြိုင်ပွဲသည် ၁၆ လတာကာလအတွင်း ဗီးနပ်စ် ဝီလီယံ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဖြစ်လာမည် ဖြစ်သည်။

အသက် ၄၅ နှစ်အရွယ် ဝီလီယံသည် ၂၀၂၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် မိုင်ယာမီအိုးပင်းပြိုင်ပွဲမှစတင်ကာ တင်းနစ်ကစားထားရခြင်း မရှိသေးပေ။

ကမ္ဘာ့နံပါတ်တစ်ဟောင်း ဝီလီယံသည် ယခုနှစ်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒီးယန်းဝဲလ်စ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် ဖိတ်ခေါ်ခြင်း မခံခဲ့ရကြောင်း သိရသည်။ သို့သော်လည်း ၎င်းသည် လာမည့် ဇူလိုင် ၂၁ ရက်တွင် စတင်ကျင်းပမည့် ဝါရှင်တန် အိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် ဖိတ်ခေါ်ခံခဲ့ရခြင်း ဖြစ်သည်။

ဝါရှင်တန်အိုးပင်းပြိုင်ပွဲတွင် အခြားနာမည်ကျော် တင်းနစ်မယ်များဖြစ်သည့် အမ်မာရာဒူကာနူ၊ ဂျက်စီကာ ပီဂူလာ၊ နာအိုမီ အိုဆာကာနှင့် အမန်ဒါ အနီဆီမိုဗာတို့ ပါဝင်ယှဉ်ပြိုင်ကစားဖွယ်ရှိကြောင်း သိရသည်။



■ အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလီယံ။

# ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲ ဆင်းနားနှင့် အယ်ကာရက်ဇ်တို့ ဆုံတွေ့နေ

အီတလီနာမည်ကျော် တင်းနစ်ကစားသမား ဂျန်းနစ်ခ်ဆင်းနားသည် ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဂရင်းဆလမ်းဆုဖလားကို စံချိန်တင် (၂၅) ကြိမ် ဆွတ်ခူးရရှိထားသော ဆားဘီးယားတင်းနစ်ကစားသမား ဒီဂျိုကိုဗစ်ကို ၆-၃၊ ၆-၃၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ဆင်းနားသည် ဝင်ဘယ်ဒန်ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ စပိန်တင်းနစ်ကစားသမား ကားလို့စ် အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ အယ်ကာရက်ဇ်သည် ဆီမီးဖိုင်နယ်တွင် အမေရိကန်တင်းနစ်အကျော်အမော် တေလာဖရစ်ဇ်ကို အကြိတ်အနယ်ကစားကာ ၆-၄၊ ၇-၅၊ ၆-၃၊ ၇-၆ (၈-၆) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

ဆင်းနားသည် ပြိုင်ပွဲတစ်လျှောက်တွင် ဖူးကစ်၊ မာတီနက်ဇ်၊ ဒီမီထရော့ဗ်၊ ရှဲလ်တန်စသည့် တင်းနစ်ကစားသမားများအား အဆင့်ဆင့် အနိုင်ယူဖြတ်ကျော်ထားသည်။



■ ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲသို့တက်လှမ်းလာသည့် အီတလီနာမည်ကျော် တင်းနစ်ကစားသမား ဆင်းနား။

# ဖီအိုရင်တီးနားနှင့် ဒီဇီကို စာချုပ်ချုပ်ဆို

မန်စီးတီးတိုက်စစ် ကစားသမားဟောင်း ဒီဇီကိုသည် ဖီအိုရင်တီးနားအသင်းနှင့် စာချုပ် ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။

၎င်းသည် တစ်နှစ်သက်တမ်းတိုးခွင့် အပါအဝင် ဖီအိုရင်တီးနားအသင်းနှင့် ၂၀၂၆ ခုနှစ် ဇွန်လအထိ ချုပ်ဆိုထားသည်။

၎င်းသည် ပြီးခဲ့သည့်ရာသီ စီးရီးအေတွင် ဖီအိုရင်တီးနားအသင်းအတွက် ၃၃ ပွဲ ပါဝင်ကစားထားပြီး ကိုးဂိုးသွင်းကာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားသည်။ ဖီအိုရင်တီးနားအသင်းသည် ပြီးခဲ့သည့်ရာသီတွင် အဆင့် (၆) ဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သည့်အတွက် လာမည့်နှစ် ကွန်းဖရင့်လိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိထားသည်။



■ မိုးဇက်-စုစည်းရေးသားသည်

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ချယ်ဆီးအသင်းသည် ပီအက်စ်ဂျီအသင်းမှ အီတလီဂိုးသမား ဒွန်နာရမ်မာ (၂၇ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဝက်စ်ဟမ်းအသင်းသည် ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ဒေါက်ဂလပ်စ်လူးဝစ် (၂၇ နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။
- ချယ်ဆီးအသင်းသည် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည့် ဆီနီဂေါတိုက်စစ်ကစားသမား နီကိုလပ်စ် ဂျက်ဆင် (၂၄ နှစ်) အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ သတ်မှတ်လိုက်သည်။
- အက်စ်တွန်ဗီလာအသင်းသည် ပြင်သစ်ကလပ် ဘရက်စ်အသင်းမှ နယ်သာလန်ဂိုးသမား မာကိုဘီဇော့သ် (၃၄ နှစ်) ကို ခေါ်ယူရန် နီးစပ်လာပြီ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade - 4 (Unit-3)

### Section (A) Listening

I. Listen carefully to the teacher and write True or False. (2 marks)

| Example - 1. July | (1) True |
|---|---|

1. Seasons (1) ..............
2. Myanmar (2) ..............
3. Hot season (3) ..............
4. Rainy season (4) ..............
5. Cold season (5) ..............

### Section (B) Reading

II. Look at the picture and write True or False to answer the given words. (2 marks)

1. Trees  (1) ..............
2. Plants  (2) ..............
3. Mountains   (3) ..............
4. Snow (4) ..............
5. Time  (5) ..............

### Section (C) Writing

III. Fill in the blanks with a suitable word. (2 marks)

1. There are three ......... (season) in Myanmar.
2. The hot season is very ......... (sun).
3. In the hot season, the weather is ......... (heat).
4. We can go ......... (swim) in the hot season.
5. ......... (swim) is fun in hot weather.
6. Leaves ......... (fall) from trees in the hot season.
7. The rainy season is ......... (rain).
8. Sometimes it is ......... (storm).
9. The weather is ......... (cool) in the rainy season.
10. Plants ......... (grow) during the rainy season.

**Answer Keys**

I. 1. True 2. False 3. False 4. True 5. True

II. 1. True 2. True 3. False 4. False 5. True

III. 1. seasons 2. sunny 3. hot 4. swimming 5. Swimming 6. fall 7. rainy 8. stormy 9. cool 10. grow

## Grade-5 (Unit-3)

### Section (A) Listening

I. Listen carefully to the teacher and match the phrases from column A and column B to make sentences. (5 marks)

| Column A | Column B |
|---|---|
| 1. I had fun | a. 'Don't do that!'. |
| 2. In the evening I | b. last Saturday. |
| 3. My father shouted, | c. was not so good. |
| 4. I was at home | d. played with my dog. |
| 5. Yesterday | e. and did my homework. |

### Section (B) Reading

II. Look at the pictures and write True or False to answer the given words. (5 marks)

(1) deer  (1) ..............

(2) forest  (2) ..............

(3) antlers  (3) ..............

(4) legs  (4) ..............

(5) bushes  (5) ..............

### Section (C) Writing

III. Supply the correct form of the verb given in brackets. (5 marks)

1. Florence Nightingale (be) ............ a nurse.
2. She (be/born) ............ in 1820.
3. She (want) ............ to be a nurse when she was a child.
4. She (care) ............ for sick pets.
5. Her father (be) ............ very rich.

### Section (D) Speaking

IV. Look at the pictures and answer the questions. (10 marks)

 1. What is this?

 2. How many rooms are there in the house?

 3. Is the house big or small?

 4. What color is the house?

 5. How many windows are there?

 6. Is there a garden?

 7. Where is the kitchen?

 8. What is in the living room?

 9. Do you have a bedroom?

 10. Is there a bathroom in the house?

**Answer Keys**

I. 1. b 2. d 3. a 4. e 5. c

II. 1. True 2. False 3. False 4. True 5. False

III. 1. was 2. was born 3. wanted 4. cared 5. was

IV. 1. This is a house.
2. There are six rooms in the house.
3. The house is big.
4. The house is white and blue.
5. There are five windows.
6. Yes, there is a garden.
7. The kitchen is next to the living room.
8. There is a sofa, a table, and a TV.
9. Yes, I have a bedroom.
10. Yes, there is one bathroom in the house.

## Grade-6 (Unit-3)

I. Choose the appropriate words or phrases to complete the sentences. (10 marks)

1. Nyo Nyo is ......... years old.
   A. eleven B. twelve C. thirteen
2. Nyo Nyo goes to the market with her .........
   A. friend B. father C. mum
3. Nyo Nyo and her mum go to the market on .........
   A. Sundays B. Fridays C. Mondays
4. They always ......... to the market.
   A. drive B. walk C. cycle
5. The market is on a ......... street.
   A. long B. narrow C. wide
6. There is a place for cars to ......... at the corner of the market street.
   A. drive B. park C. wash
7. Next to the car park, there is a taxi rank and a ......... stand.
   A. bike B. bus C. trishaw
8. Shoppers can come by car, taxi, or .........
   A. bicycle B. trishaw C. bus
9. The market is a ......... place.
   A. quiet B. clean C. busy
10. The market is noisy with sellers and shoppers ......... and buying things.
   A. selling B. running C. shouting

**Answer Keys**

I. 1. B 2. C 3. A 4. B 5. C 6. B 7. C 8. B 9. C 10. A

## Grade-7 (Unit-3)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Trendy cotton wallets come in three colours: r........., green and yellow.
2. The cotton wallets are l......... and easy to carry.
3. Cotton wallets are made in M.........
4. Each cotton wallet costs 3......... kyats.
5. Wool scarves are available in w........., red, and grey.
6. Wool scarves are the p.........s of Pyin Oo Lwin.
7. Wool scarves are worn to make you w......... in the cold season.
8. Each wool scarf costs 6......... kyats.
9. Seashell bracelets come in d......... colours.
10. The seashell bracelets are made in C.........

**Answer Keys**

I. 1. red 2. light 3. Myanmar 4. 3,000 5. white 6. products 7. warm 8. 6,000 9. different 10. Chaungtha

## Grade-8 (Unit-3)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Wind instruments produce music only when a......... is blown into them.
2. They are made of w......... or b.........
3. The f......... is usually made of wood.
4. The c......... is another wind instrument made of wood.
5. The t......... is a brass wind instrument.
6. The t......... is a large brass instrument.
7. The s......... is made of brass and has a curved shape.
8. Percussion instruments produce sounds when they are s......... or b.........
9. We use a d......... to strike the drum.
10. The b......... d......... is a large percussion instrument.

**Answer Keys**

I. 1. air 2. wood / brass 3. flute 4. clarinet 5. trumpet 6. trombone 7. saxophone 8. struck / beaten 9. drumstick 10. bass drum

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

မြန်မာ့အလင်းသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြပါရှိလျက်ရှိသော
အောင်ချက်မြင့်မားရေးအတွက် ထုတ်ဝေသည့်
English for Students
ဘာသာရပ်ဆိုင်ရာ ဝါရင့်ဆရာကြီးများ ကြီးကြပ်တည်းဖြတ်သော
SUPPLEMENT လွယ်ကူလေ့လာ အင်္ဂလိပ်စာ
၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ သင်ရိုးသစ် အခြေခံပညာသင်ရိုးညွှန်းတမ်း စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ပြုစုထားသည်။
Grade-4 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။
အမှတ်(၂)၊ ဇူလိုင်လ၊ ၂၀၂၅၊ တန်ဖိုး-၁၀၀၀ ကျပ်
ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်ပါ။ 09 981163924
ဖြန့်ချိရေး
ရန်ကုန် - ဒေါ်ဖိုးလှိုင် (မိုးကျော်စာပေ)
ဖုန်း-၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၄၃၂၄၅၂၅၇၊ ၀၉ ၄၂၃၇၁၈၆၀၀
ဒေါ်ခင်မာဝင်း(ပညာဗိမာန်စာအုပ်တိုက်)
ဖုန်း-၀၉ ၄၄၄၉၉၈၈၇၃၊ ၀၉ ၅၁၃၆၇၄၆
နေပြည်တော် - ဒေါ်အေးအေးသန့်(လယ်ဝေးအိမ်စာပေ)
ဖုန်း-၀၉ ၄၄၁၉၃၆၈၂၂၊ ၀၉ ၄၂၅၄၄၂၈၀၁
မန္တလေး - ဒေါ်ဖိုးလွင်(ရောင်စဉ်စာပေ)
ဖုန်း-၀၉ ၄၄၄၁၀၅၉၅၉၊ ၀၉ ၄၄၄၁၀၆၉၆၉၊ ၀၉ ၇၉၇၇၃၅၅၆၅
သတင်းစာကိုယ်စားလှယ်နှင့်ရောဝတီ
ဒေါ်ခွဲ့ခွဲ့ရီ(မြင့်ဦးစာပေ) ဖုန်း-၀၉၅၀၈၈၉၂၅၊ ၀၉ ၂၆၁၃၇၆၀၃၀
Ph : 018-387961, 09 400720084, 09 269006353, 09 981163924, 09 789450927

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့၊ အမှတ်(၁) ရပ်ကွက်၊ သစ်တောရုံးဝင်းနေ (ဘ)ဦးတင်မောင်၏သမီး အမည်မှန်မှာ ဒေါ်အမာကြည် ၈/ ဆမန(နိုင်) ၀၀၆၉၉၀ဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၅-၂-၁၉၆၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးမျိုးလွင်နှင့် ဒေါ်အိရွှေဇင်တို့၏သား မြိတ်မြို့၊ အမက (မြစ်ငယ်)Grade-1 မှ မောင်ညီမိုးထက်လင်းအား ယနေ့မှစ၍ မောင်စိုးမြတ်ထွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စိုးမြတ်ထွန်း**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကရပ်ပြင်မြောက်ရပ်နေ အထက(၃) ထားဝယ် Grade-5(A)မှ မောင်ပြည့်ပိုင်ဖြိုး၏ ဖခင် ဦးမျိုးမင်းသန့်၏ အမည်မှန်မှာ ဦးကျော်မင်းထွဋ် ၁၂/မဂဒ(နိုင်)၁၀၈၈၄၅ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းထွဋ်**

## အမည်မှန်

မြိတ်မြို့၊ တောင်းပြိုရပ်ကွက်၊ မြို့ပတ်(၁)လမ်းနေ ဦးကျော်ထွေး နှင့် ဒေါ်အေးအေးချိုတို့၏ သား မြင်းမိုရ်ကိုယ်ပိုင်အထက်ကျောင်း Grade-8 မှ မွေးစာရင်းအမည် မောင်သားလဝန်း၏ အမည်မှန်မှာကျောင်းဝင်မှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုစာရင်းအရ မောင်လဝန်း ၆/မမန(နိုင်) ၂၄၉၃၈၀ ဖြစ်ပါကြောင်း။

**မောင်လဝန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၁)၊ ဦးပိုင်အမှတ် (၃)၊ ၄၂လမ်း၊ ၅၆X၅၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခေါန်ဘူ ၁၃/ကခန(နိုင်)၀၀၅၇၈၁ က အမှုတွဲအမှတ်(၁၁၂၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/87982, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်စိုး ၆/သရခ(နိုင်)၀၇၉၈၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/88240 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လင်း ၉/တသန(နိုင်)၀၈၉၄၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/41589, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသူအောင် ၉/အမဇ(နိုင်) ၀၉၇၄၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 84W/10532 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၁)၊ ဦးပိုင်အမှတ်(၆)၊ ၄၂လမ်း၊ ၅၆x၅၇ လမ်းကြားရှိ ဂရန်မြေ ကွက်အမည်ပေါက်သူ ဒေါ်ခေါန်ဘူ ၁၃/ကခန(နိုင်) ၀၀၅၇၈၁က အမှုတွဲအမှတ် (၁၁၂၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ် (၂)၊ အကွက်အမည်(မင်းရပ်)၊ ဦးပိုင်အမှတ်(၃၃+၃၄/ခ)၊ မြေကွက်အမှတ်(၇၅၊ ၇၆)၊ ဧရိယာ (၀.၁၁၁၀၇၂)ဧကရှိ ဝိုင်းမြေကွက်အား (၇-၁-၂၀၀၀) ရက်က ခရိုင်ရုံးအမှုတွဲအမှတ်(၃၆၅/၁၉၉၉-၂၀၀၀)အရ ဦးစိုးအောင်နှင့် ဦးထွန်းဝင်း အမည်ဖြင့် (၇-၁-၂၀၀၀) ရက်မှ (၆-၁-၂၀၃၀) ရက်ထိ နှစ်(၃၀)သက်တမ်းဖြင့် ဂရန်ချထားပေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ဂရန်ဝိုင်းမြေ ဧရိယာ (၀.၁၁၁၀၇၂) ဧက အနက်မှ မြောက်ဘက်ခြမ်းရှိ ဧရိယာ (၀.၁၁၀၀၇၃)ဧကအား ဦးစိုးအောင်နှင့် ဦးထွန်းဝင်းတို့ထံမှ လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိအိချောမှ ကာလတန်ဖိုးတစ်ရပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန် ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားခဲ့ရာ ခရိုင်ရုံးအမှုတွဲအမှတ်-(၂၀၁/၂၀၂၃-၂၀၂၄)အရ (၃-၆-၂၀၂၄) ရက်မှစ၍ ဒေါ်အိအိချော အမည်ဖြင့် ဦးပိုင်ခွဲအမည်ပြောင်း ဂရန်ချထားပေးခဲ့ပါသည်။ ယခုရောင်းချသည့် ဒေါ်အိအိချောအမည်ပေါက် ဂရန်ဝိုင်းမြေကွက်၏ အလားလေးရပ်မှာ-အရှေ့လားသော်-လမ်း၊ အနောက်လားသော်- မြေကွက်အမှတ် (၇၇/၂၅၅)၊ တောင်လားသော်-မြေကွက် အမှတ်(၇၅၊ ၇၆)၏ ကျန်အပိုင်းနှင့်လမ်း၊ မြောက်လားသော်-လမ်း ၄င်းအလားလေးရပ်အတွင်းရှိ ဝိုင်းမြေကွက်အား ရောင်းချသူဖြစ်သော ဒေါ်အိအိချော ၁၂/မဂဒ(နိုင်)၀၅၆၈၉၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်နိုင်ထွန်း ၉/မထလ(နိုင်)၁၇၀၂၅၉ မှာ ကာလတန်ဖိုးတစ်ရပ်ဖြင့် ဝယ်ယူရန် သဘောတူညီခဲ့ကြပြီး (၁၂-၇-၂၀၂၅) ရက်၌ ဝိုင်းမြေ တန်ဖိုးငွေ၏စရန်ငွေ တပ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ ဝိုင်းမြေနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်၊ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်နေ့ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နိုင်နိုင်ထွန်း** | **ဦးဇော်အောင်လွင် (LL.B)** |
| ၉/မထလ(နိုင်)၁၇၀၂၅၉ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၆၇၆၆) (၂၁-၁၂-၂၀၂၀) |
| | မဟာစ-၈ ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ |
| | မဟာစည်တိုးချဲ့ရပ်ကွက်၊ မိတ္ထီလာမြို့ |
| | ဖုန်း-၀၉-၄၄၂၀၀၃၅၃ |

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မောတောင်မြို့ မူလွန်အမှတ်(၃)ကျောင်း Grade-5 မှ မနော်ရိုးဖြူစင်အေး၊ Grade-3 မှ စောအောင်ကျော်အေး၊ Grade-2 မှ စောနေမင်းအေး တို့၏ ဖခင်အမည်မှန်မှ ဦးစောမင်းထွန်း ၆/တသရ(နိုင်) ၀၄၁၉၃၀ ဖြစ်ပါကြောင်း။

**ဦးစောမင်းထွန်း**

## ဖခင်အမည်မှန်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ တိုက်(၂၉)၊ အခန်း(၈) နေ မဆုသန့်ဇင် ၁၁/ရသတ(နိုင်) ၁၂၁၃၁၆ ၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၁၁/ရသတ(နိုင်) ၀၀၂၂၁၅ ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်**

## ပတ်စ်ပို့ပျောက်

မကျန်ရှောက်ရှိုး ၁၃/ကခန (နိုင်)၁၃၂၄၄၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MB-511183 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-890566445**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၈)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၄လမ်း၊ ၁၃၃ x ၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းသန်းနိုင် ၁၃/နခန(နိုင်) ၀၀၁၈၆၈က အမှုတွဲအမှတ် (၁၁၁၈/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၈)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၄လမ်း၊ ၁၃၃X၁၃၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းသန်းနိုင် ၁၃/နခန(နိုင်)၀၀၁၈၆၈က အမှုတွဲ အမှတ်(၁၁၁၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/46106, Honda Click-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နွဲ့ရီ ၉/အမရ(နိုင်)၀၄၈၅၆၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/45363, Zong Shen-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဆန်း ၉/အမရ(နိုင်)၁၃၁၁၅၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/60032, Super Sumbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၈/ပဖန(နိုင်)၁၀၈၈၀၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/61148, New Anbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ထားအေး ၉/မနမ(နိုင်)၁၂၀၇၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၂၁၉၁၈, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သကြဲန်မိုး ၉/ပကခ(နိုင်)၀၆၂၁၄၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၈၃၁၈၄, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သိမ့်မိုး ၉/ခမစ(နိုင်)၀၃၈၆၇၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/57515, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်း ၉/မဟမ(နိုင်)၀၀၀၈၇၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/23983, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၅/စကန(နိုင်)၁၇၄၉၂၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/36517, Honda Dream-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာထွန်း ၆/ထဝန(နိုင်)၀၂၁၆၄၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/79988, Yunde-110 ယာဉ်လက်ဝယ်ရှိသူ ခိုင်မြဲသစ္စာကုမ္ပဏီလီမိတက်က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၅

ဒေါ်အေးအေးသက် နှင့် ဦးမောင်သန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင် ရပ်ကွက်၊ သီတာအေးရပ်၊ အကွက်(၉၀၂)နေ ဦးမောင်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးသက်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက် ၊ အကွက်အမှတ်(အ-၁၇)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးမောင်သန်း အမည်ပေါက် ဂရန် မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/9159 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂ )
## မဟာအောင်မြေခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၈ နှင့် ဆက်နွှယ်သည့်
## ၂၀၂၅ ခုနှစ်၊ တရားမဗဇာရီမှုအမှတ် - ၁

ဒေါ်ပိုင်ရနင် နှင့် ဒေါ်စုစုဝင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အခန်း(၁၉)၊ စတုတ္ထထပ်၊ တိုက်(၇)၊ အကွက်(မမ-၁၉)နေ တရားရှုံး ဒေါ်စုစုဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁၄ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မြင့်သန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁ )**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 13U/7269 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/3488 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၅

ဦးနိုင်ဝင်း နှင့် ဦးခင်မောင်ဆန်း
